# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်၊ သောကြာနေ့။ Friday, 22 April 2022 ၁၀၇၁၂


### ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ကုန်ထုတ်လမ်းတစ်လမ်းကို တွေ့ရစဉ်။

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်းပေါင်း ၁၂ လမ်း ဖောက်လုပ်သွားမည်

**မန္တလေး ဧပြီ ၂၁**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၌ ငွေကျပ်သန်း ၅၀၀ အသုံးပြု၍ ကျေးလက်ကုန်ထုတ်လမ်းပေါင်း ၁၂ လမ်း ဖောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းများအား တောင်သူများ၏ စိုက်ပျိုးထားသည့်သီးနှံများ ကွင်းအတွင်းလေလွင့်မှု နည်းပါးစေရန်၊ ရာသီမရွေး ထုတ်လုပ်သယ်ပိုးနိုင်ရန်နှင့် ဈေးကွက်သို့အချိန်မီ တင်ပို့ရောင်းချနိုင်ရေးအတွက် ရည်ရွယ်၍ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးတောင်သူများအတွက် တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၅၀၀ ကို အသုံးပြုပြီး စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

### ယနေ့ ဖတ်စရာ


၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူနိုင်ရေး လုပ်ငန်းစဉ်(၄)ရပ်ဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအထိ ၅၁ လခန့် လျာထားဆောင်ရွက်
စာမျက်နှာ » ၇

နေ့ရာသီ၌ ရေချိုးစနစ်မှန်ကန်စေရန် ဂရုပြု
စာမျက်နှာ » ၈

ပညာရေးဒီဂရီကောလိပ်များရှိ ဘွဲ့ကြို၊ ဘွဲ့လွန် သင်တန်းများကို မေ ၁၂ ရက်တွင် စတင်ဖွင့်လှစ်မည်
စာမျက်နှာ » ၉

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၁/၂၀၂၂) ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း
စာမျက်နှာ » ၁၁

ဂျပန်ဆေးဝါးကုမ္ပဏီက အသက်ငါးနှစ်အောက် ကလေးငယ်များအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လက်တွေ့စမ်းသပ်မည်
စာမျက်နှာ » ၁၃





ကြေးမုံ

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး နည်းစနစ်တကျဝိုင်းဝန်းကြိုးပမ်း

ကြီးပွားတိုးတက်ခြင်းအကြောင်းတရားတွင် ရေခံမြေခံထက် တီထွင်ကြံဆ မဖြစ်မနေကြိုးပမ်းအားထုတ်မှုသည် အဓိကဖြစ်သည်ကို ကမ္ဘာပေါ်တွင် လေ့လာကြည့်နိုင်ပါသည်။ ကြီးပွားတိုးတက်ခြင်းသည် မဖြစ်ဖြစ်အောင် အလုပ်လုပ်နိုင်ခြင်းနှင့် အဓိကသက်ဆိုင်ပေသည်။ ကုန်းတွင်းပိုင်းတွင် ရေသတ္တဝါများ မွေးမြူနိုင်ခြင်း၊ ကန္တာရတွင် သီးနှံသစ်ပင်များစိုက်ပျိုးနိုင်ခြင်း၊ တွင်းထွက်သယံဇာတမရှိသော်လည်း ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်နိုင်ခြင်း စသည်တို့သည် တီထွင်ကြံဆ ကြိုးပမ်းအားထုတ်ခြင်းမှ ရရှိလာသောအကျိုးများဖြစ်သည်။

တိုးတက်သောနိုင်ငံများတွင် စိတ်ခံစားချက်နှင့် အလုပ်အား ခွဲခြားထားသည်ကို တွေ့ရမည်ဖြစ်သည်။ အချိန်ကို ထိရောက်စွာအသုံးချ၍ အလုပ်လုပ်ခြင်းနှင့် တီထွင်ဆန်းသစ်မှုအား အစဉ်အမြဲကြိုးပမ်းဖွေရှာနေသည်ကို အားလုံးသိရှိကြပြီးဖြစ်သည်။ အဓိကမှာ တစ်မူထူးကဲသော အစဦးတီထွင်ဆန်းသစ်မှုကို ရှာဖွေကြသည်။ ကနဦးတီထွင်ဆန်းသစ်ဖန်တီးထားမှုများကို အတုယူ၍ ကိုယ်ပိုင်ဆန်းသစ်မှုများပြုလုပ်ကြကာ နိုင်ငံအကျိုး၊ လူသားကောင်းကျိုးများကို အစဉ်ကြိုးပမ်းနေကြသည်။ နည်းပညာခေတ်သို့ ရောက်လာသောအခါ တီထွင်ဆန်းသစ်မှုများကို ပိုမို၍ရှာဖွေလာကြသည်။

တီထွင်ဆန်းသစ်မှုရှိမှသာ တိုးတက်ကြီးပွားခြင်းအကြောင်းဖြစ်ပြီး တီထွင်ဆန်းသစ်မှုမရှိပါက သူတစ်ပါး အားကိုးမှီခိုရသည့်ဘဝတွင်သာ ရပ်တည်နေရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအားထားသည့်နိုင်ငံဖြစ်သည်။ စက်မှုနည်းပညာပစ္စည်းများကို ထုတ်လုပ်နိုင်ခြင်းမရှိဘဲ အားလုံးကို အခြားနိုင်ငံများမှ မှီခိုအားထားနေရသည်။ စက်မှုနည်းပညာဖွံ့ဖြိုးသောနိုင်ငံမဟုတ်၍ ပြည်ပကို အားကိုးနေရသည်မှာ အဓိပ္ပာယ်ရှိနိုင်သော်လည်း စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး ပြည်ပမှ စိုက်ပျိုးရေးထွက်ကုန်များအား တင်သွင်းနေရသည်ကို ဆန်းစစ်သုံးသပ်ကြည့်နိုင်ပေသည်။

မြန်မာနိုင်ငံသည် ရေခံမြေခံကောင်းများရှိပြီး အလုပ်လုပ်နိုင်သော စွမ်းအားစုများလည်း ရှိနေပေသည်။ စိုက်ပျိုးရေးထွက်ကုန်အချို့ကို ပြည်ပသို့တင်ပို့နိုင်သော်လည်း အချို့စိုက်ပျိုးရေးထုတ်ကုန်များအား ပြည်ပမှ တင်သွင်းနေရသည်ကို တွေ့ရမည်ဖြစ်သည်။ အဓိကအကြောင်းရင်းမှာ နည်းပညာကိုအသုံးပြု၍ အရည်အသွေးမြင့်မားသော စိုက်ပျိုးရေးထုတ်ကုန်များကို မထုတ်လုပ်နိုင်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် နည်းပညာသည် အဓိကကျသောအကြောင်းအချက်ဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍတွင် ခေတ်မီစနစ်ကျသော နည်းပညာများကို အသုံးပြု၍ တီထွင်ကြံဆကြိုးပမ်းလုပ်ကိုင်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တစ်ကမ္ဘာလုံးသုံးစွဲနေသော ကော်ဖီကို စိုက်ပျိုးထုတ်လုပ်နိုင်သော်လည်း ပြည်တွင်းထုတ်ကော်ဖီထက် ပြည်ပမှကော်ဖီများအား သုံးစွဲနေကြသည်ကို ပြုပြင်ပြောင်းလဲဆောင်ရွက်ကြရမည်ဖြစ်သည်။ ကော်ဖီစိုက်ပျိုးမှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "သာမန်စိုက်ပျိုးမှုဖြင့် ကျေနပ်နေ၍မရဘဲ စနစ်ကျနသည့် စိုက်ပျိုးမှုစနစ်ရှိရမည်ဖြစ်သကဲ့သို့ လိုအပ်သည့် သွင်းအားစုများကိုလည်း မှန်မှန်ကန်ကန် ထည့်သွင်းရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးမှသာလျှင် အရည်အသွေးကောင်းမွန်သည့် ကော်ဖီရရှိမည်ဖြစ်ပြီး ကော်ဖီထုတ်ကုန်များ ဈေးကွက်ရရှိရေးနှင့် အရည်အသွေးမြင့်ထုတ်ကုန်ဖြစ်စေရေး အစိုးရက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လိုအပ်သည့်အရင်းအနှီးများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် အမှန်ကတယ်အောင်မြင်ပြီး မြန်မာ့ကော်ဖီ (Myanmar Coffee Brand) ကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း" ပြောကြားထားသည်။

ယခင်က ဥရောပနိုင်ငံများတွင်သာ ကော်ဖီစိုက်ပျိုးမှုနှင့် သောက်သုံးမှုများပြားခဲ့သော်လည်း လက်ရှိအချိန်တွင် အာရှနိုင်ငံများ၌လည်း အဓိကထား စိုက်ပျိုးသောက်သုံးလာကြသည်ကို တွေ့ရမည်ဖြစ်သည်။ ပြင်ဦးလွင်ကော်ဖီသည် ယခင်ကတည်းက အနံ့အရသာနှင့် ပြည့်စုံမှုရှိပြီး နာမည်ရရှိပြီးဖြစ်သည့် ကော်ဖီအမျိုးအစားတစ်ခုဖြစ်သည်။ ကော်ဖီစိုက်ပျိုးရာတွင် အရိပ်ရနှင့်အရိပ်မဲ့ဟူ၍ စိုက်ပျိုးမှုနှစ်မျိုးရှိပြီး မြန်မာနိုင်ငံ၌ ရာသီဥတုပြောင်းလဲလာမှုကို ထိန်းသိမ်းနိုင်ရန်နှင့် သစ်တောသစ်ပင် စိမ်းလန်းစေရေးအတွက် ရည်ရွယ်၍ အရိပ်ရကော်ဖီစိုက်ပျိုးရန် ပြင်ဦးလွင်ကော်ဖီစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရနှင့်တပ်မတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ဒေသထုတ်ကုန်၊ ထွက်ကုန်များကို ပြည်တွင်း၊ ပြည်ပဈေးကွက်များအတွင်း အဆင့်မြှင့်တင်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချ၍ ဒေသခံပြည်သူများ လူမှုစီးပွားတိုးတက်စေရန်၊ နိုင်ငံတော်၏ စီးပွားရေးတိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယခုအခါ အဆင့်မီ၊ အရည်အသွေးမြင့် ကော်ဖီသီးနှံများထုတ်လုပ်နိုင်ရေးကို နိုင်ငံတော်အစိုးရက အားပေးကူညီဆောင်ရွက်ပေးနေပြီဖြစ်၍ စိုက်ပျိုးထုတ်လုပ်သူများကလည်း အရည်အသွေးမြင့်ထုတ်ကုန်များကို ထုတ်လုပ်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## သံအမတ်ကြီး ဦးလွင်ဦးအား ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် မေ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးလွင်ဦးအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## သံအမတ်ကြီး ဦးလွင်ဦးအား ကာဇက်စတန်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် မေ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးလွင်ဦးအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ကာဇက်စတန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## မတူပီမြို့ပေါ် လေးရပ်ကွက်အတွင်း သောက်သုံးရေပေးဝေ

မတူပီ မေ ၂၁

ချင်းပြည်နယ် မတူပီမြို့ပေါ်လေးရပ်ကွက်အတွင်းသောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ခရိုင်မီးသတ်ဦးစီးမှူး ဦးခုပ်ဆောမ်းပြောင် ဦးဆောင်၍ ခရိုင်မီးသတ်ဦးစီးဌာနဝန်ထမ်းများနှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဝန်ထမ်းများပူးပေါင်းကာ နွေရာသီကာလ သောက်သုံးရေရှားပါး ပြတ်လပ်နေသော ရပ်ကွက်များရှိ နေအိမ်များသို့ အပတ်စဉ်အင်္ဂါနေ့တိုင်း သောက်သုံးရေ ပေးဝေလှူဒါန်းလျက်ရှိကြောင်း သိရသည်။

ထိုသို့ သောက်သုံးရေ ပေးဝေလှူဒါန်းရာတွင် ခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်တစ်စီးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်တစ်စီးတို့ဖြင့် ရေဂါလန် ၄၈၀၀ ခန့် ပေးဝေလှူဒါန်းခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးမှူးထံမှ သိရသည်။



ခရိုင်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၁ - ၄ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| MTSH | ၂,၆၅၀ | ၂,၆၅၀ | ၇၈၅ | ၂,၀၈၀,၂၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁၈,၅၀၀ | ၁၈,၅၀၀ | ၅၅၄ | ၁၀,၂၄၉,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၀ | ၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၁ | ၂,၆၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၁၈.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၈၆.၉၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၄.၆၅၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၃၁.၁၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၄.၂၆၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၇၆.၆ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၅၉.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၄၃.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၉.၇၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်အိအိမွန်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးအောင်နိုင်ဦးတို့ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များနှင့်တွေ့ဆုံ၍ မေးမြန်းမှုများဖြေကြား

**နေပြည်တော် မေ ၂၁**

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးအောင်နိုင်ဦးတို့သည် AP သတင်းဌာန၊ ရိုက်တာသတင်းဌာန၊ South China Morning Post သတင်းဌာနနှင့် Straits Times သတင်းဌာန၊ China Central Television(CCTV) သတင်းဌာန၊ People’s Daily သတင်းဌာနနှင့် ဆင်ဟွာသတင်းဌာနတို့မှ သတင်းထောက်များကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးညှိနှိုင်းခန်းမများ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် တွေ့ဆုံ၍ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်မိတ်ဆက်စကားပြောကြားရာတွင် ယခုကဲ့သို့ မီဒီယာတွေ့ဆုံမေးမြန်းမှုတွင် ဖြေကြားခွင့်ရသည့်အတွက်နှင့် မြန်မာနိုင်ငံ၏ အရေးကိစ္စများတွင် စိတ်ဝင်စားသည့်အတွက် အထူးပင်ကျေးဇူးတင်ပါကြောင်း။

ယနေ့မီဒီယာတွေ့ဆုံမှုတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် အတူ ဖြေကြားပေးသွားမည်ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ၏ မေးမြန်းမှုများကို ဖြေကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ၏ မေးမြန်းမှုများကို ဖြေကြားစဉ်။

### ထုတ်ပြန်မျှဝေပေးသွားမည်

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ် နောက်ပိုင်းတွင် သတင်းထုတ်ပြန်ချက်တစ်ခုကို ထုတ်ပြန်မျှဝေပေးသွားမည် ဖြစ်ပါကြောင်း၊ ယေဘုယျအနေဖြင့် ခြုံငုံကြည့်ပါက စွမ်းအင်ကဏ္ဍနှင့် စီးပွားရေးကဏ္ဍများသည် ဆက်စပ်ပြီး မြန်မာနိုင်ငံတွင် သိသိသာသာ ဖွံ့ဖြိုးတိုးတက်မှုအချို့ ရှိနေပါကြောင်း၊ ရုရှား-ယူကရိန်းပဋိပက္ခမှ အစပျိုးခဲ့သည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ဈေးနှုန်းများသည် ကမ္ဘာတွင် ယနေ့အခါ သိသိသာသာတက်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတွင်းအခြေအနေမှာ အခြေခံအဆောက်အဦများ မဖွံ့ဖြိုးခြင်း၊ မကြာခင်က မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းခြင်း၊ ဘဏ္ဍာရေးပြဿနာများနှင့် အကြမ်းဖက်သမားများက ဓာတ်အားလိုင်းအချို့ကို ဖျက်ဆီးမှုများကြောင့် မြန်မာပြည်သူများကို ဆိုးကျိုးသက်ရောက်မှုများ ရှိခဲ့ပါကြောင်း။

မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းမှုရရှိအောင် ယနေ့အချိန်တွင် စွမ်းအင်လိုအပ်မှုပြဿနာကို ဖြေရှင်းပေးရန်လိုအပ်လာပါကြောင်း၊ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုအသစ်များ မကြာမီက ထုတ်ပြန်ခဲ့ကြပါကြောင်း၊ နိုင်ငံခြား ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီအချို့ မြန်မာပြည်မှ ထွက်ခွာမှုများကို မီဒီယာတော်တော်များများတွင် ဖော်ပြမှုများရှိခဲ့ပါကြောင်း၊ ယခုမီဒီယာတွေ့ဆုံမှုတွင် အဆိုပါပြဿနာများကို မိမိတို့ ပြည်ထောင်စုဝန်ကြီးနှစ်ဦးက အလှည့်ကျ ဖြေကြားပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ယနေ့မီဒီယာများနှင့် တွေ့ဆုံရသည်ကို အလွန်ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေးနှင့်ပတ်သက်သည့် အခြေအနေ၊ စွမ်းအင်ကဏ္ဍနှင့် ပတ်သက်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

### ရှင်းလင်းဆွေးနွေး

အထူးသဖြင့် ယခုရက်ပိုင်း မီဒီယာများ စိတ်ဝင်စားနေသည့် မြန်မာနိုင်ငံ၏ ငွေလဲနှုန်းနှင့် ပတ်သက်သည့် ထုတ်ပြန်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသွားမည် ဖြစ်ပါကြောင်း၊ ယခု အစိုးရလက်ထက်တွင် ယခင်ယခင်အစိုးရများနှင့်မတူသည့် စိန်ခေါ်မှုများစွာ ရှိပါကြောင်း၊ စီးပွားရေးပိတ်ဆို့မှုများရှိသလို အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မတည်ငြိမ်မှုများရှိပါကြောင်း၊ ထိုအရာများသည် စီးပွားရေးအပေါ် သက်ရောက်မှုများဖြစ်ပေါ်နေပါကြောင်း။

သို့သော်လည်း ကိုဗစ်-၁၉ ရောဂါကို ယခုအချိန်တွင် ထိန်းချုပ်နိုင်သည့် အနေအထားရောက်ရှိသည့်အတွက် ပြန်လည်ဖွင့်လှစ်နိုင်သည့် အနေအထားဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ဆက်စပ်၍လည်း နိုင်ငံ၏စီးပွားရေးမှာ တိုးတက်မှုနှေးကွေးခဲ့ရပါကြောင်း၊ အထူးသဖြင့် ယခုကာလတွင် ပိုမိုနှေးကွေးနေရသည်ကို တွေ့ရပါကြောင်း။

လက်ရှိအစိုးရသည် တိုင်းပြည်တွင် လတ်တလောလိုအပ်နေသည့် လျှပ်စစ်ဓာတ်အား အပြည့်အဝပေးနိုင်ရေးကို အာရုံစိုက်ဆောင်ရွက်နေပါကြောင်း၊ တိုင်းပြည်၏ စီးပွားရေးတည်ငြိမ်မှုရရှိအောင် ဆောင်ရွက်နေပြီး စွမ်းအင်ကဏ္ဍသည် ဦးစားပေးကဏ္ဍ ဖြစ်ပါကြောင်း၊ စွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍ ဆောင်ရွက်နေသည့် စီမံကိန်းများကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်နိုင်ရန် ကြိုးစားနေပါကြောင်း၊ စီမံကိန်းအသစ်များကိုလည်း ထပ်မံဖိတ်ခေါ်နေပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် မည်သို့ပင် အခက်အခဲစိန်ခေါ်မှုများရှိစေကာမူ ထိုစိန်ခေါ်မှုများကို ဖြတ်ကျော်ပြီး မူလရည်ရွယ်ထားသည့်အတိုင်း ၂၀၂၃ ခုနှစ်တွင် ရွေးကောက်ပွဲ ကျင်းပပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပါဝင်တက်ရောက်လာသည့် မီဒီယာများကိုလည်း ကျေးဇူးတင်ပါကြောင်း အဖွင့်မိတ်ဆက်စကားပြောကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များ၌ အင်္ဂလိပ်စာအခြေခံသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်းနှင့် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်

**နေပြည်တော် မေ ၂၁**

နိုင်ငံတကာသုံး ဘာသာစကားဖြစ်သည့် အင်္ဂလိပ်စာကို အခြေခံမှစ၍ ကျွမ်းကျင်တတ်မြောက်စေရန်၊ ကွန်ပျူတာကျွမ်းကျင်စေရန်နှင့် မြတ်ဗုဒ္ဓ၏ အဆုံးအမဩဝါဒများ၊ တရားဒေသနာတော်များ၊ ဗုဒ္ဓရာဇဝင်တော်များအား သိရှိနားလည်ကာ ဘာသာတရားအဆုံးအမများနှင့် ထုံမွမ်းပြည့်ဝပြီး ယဉ်ကျေးလိမ္မာသည့် သားငယ်၊ သမီးငယ်များဖြစ်စေရန် ရည်ရွယ်၍ နွေရာသီကျောင်းပိတ်ရက်တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သား မိသားစုဝင် သားသမီးများအတွက် ဖွင့်လှစ်သည့် အင်္ဂလိပ်စကားပြော အခြေခံသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်းနှင့် ယဉ်ကျေးလိမ္မာသင်တန်းများဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊



သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

### ကြည့်ရှုအားပေး

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဖွင့်လှစ်သင်ကြားလျက်ရှိသည့် နွေရာသီ သင်တန်းများအား လိုက်လံကြည့်ရှု အားပေးပြီး သင်တန်းသား သင်တန်းသူများအား စာရေးကိရိယာများပေးအပ်၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ သင်တန်းများတွင် အင်္ဂလိပ်စကားပြော အခြေခံသင်တန်းကို သင်တန်းသား သင်တန်းသူ ၁၃၅ ဦး၊ ကွန်ပျူတာအခြေခံသင်တန်းကို ၁၀၇ ဦးနှင့် ယဉ်ကျေးလိမ္မာ သင်တန်းကို ၇၀၁ ဦးတို့ဖြင့် သင်တန်းကာလ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးရှိ တပ်ရင်း/ တပ်ဖွဲ့များ၌လည်း အဆိုပါ နွေရာသီသင်တန်းများကို သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၀၀၆ ဦးဖြင့် သင်တန်းကာလ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်

**မြစ်ကြီးနား မေ ၂၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြစ်ကြီးနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲ ၃ နာရီက မြစ်ကြီးနားမြို့ မနောမြေအားကစားခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်သူက နွေရာသီအခမဲ့အားကစားသင်တန်းကို အခြေပြု၍ ပြည်နယ်အတွင်း ရှေ့ဆက်ဆောင်ရွက်သွားမည့် ပြိုင်ပွဲများအကြောင်း ရှင်းလင်းပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဌေးကိုက အားကစားနှင့် ကာယသိပ္ပံကျောင်းအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးနိုင်က ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်းကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြစ်ကြီးနားခရိုင် ဦးစီးမှူး ဦးကျော်ထက်က အသိပညာတိုးပွားဖို့ စာဖတ်စို့ ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောခဲ့ကြသည်။

**ယော်ဆောင်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံး အဖွဲ့ခေါင်းဆောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၂၁

AHA Centre မှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့(Task Force)ဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးနှင့် အာဆီယံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ဆောင်ရန်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏ စိတ်ရှည်သည်းခံမှု၊ နားလည်ပေးမှုနှင့် ခိုင်မာသောထောက်ခံမှုကို မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တူညီဆန္ဒ (၅)ချက်ကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေး ဆန္ဒရှိပါကြောင်းနှင့် အသင့်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အာဆီယံနှင့် မြန်မာနိုင်ငံတို့အနေဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စ သက်သက်ကိုသာ အလေးထား လုပ်ဆောင်သင့်ကြောင်းနှင့် တူညီဆန္ဒ(၅)ချက်အား အကောင်အထည်ဖော်ဆောင်ရာတွင် လက်တွေ့ကျကျလုပ်ဆောင်ရန် အထူးအလေးထားသင့်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မည်သူ့ကိုမျှ ချန်လှပ်မထားစေရေး မူဝါဒကိုအလေးထားပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် အာဆီယံနှင့် ပြင်ပမိတ်ဖက်အဖွဲ့အစည်းများ၏ လုပ်ငန်းများနှင့် ဦးဆောင်ဦးရွက်ပြုမှုအားလုံးသည် မြန်မာနိုင်ငံအစိုးရ၏ လုပ်ငန်းစဉ်နှင့် မူဘောင်နှင့်အညီသာဖြစ်သင့်ကြောင်း ပြောကြားသည်။

**ပြောကြား**

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံး အဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak က ခရီးစဉ်အတွက် စီစဉ်ထားရှိမှုများနှင့် အစည်းအဝေးများတွင် ပွင့်ပွင့်လင်းလင်းဆွေးနွေးမှုများအတွက် မြန်မာအစိုးရကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို လေးစားပါကြောင်း၊ အခြားနိုင်ငံတစ်ခု၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လိုသည့် ဆန္ဒမပါဘဲ မြန်မာနိုင်ငံအား ကူညီရန် ဖြစ်နိုင်မည့်နည်းလမ်းများကို ရှာဖွေလျက်ရှိပါကြောင်း ပြောကြားသည်။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် အလားတူ သမိုင်းနောက်ခံရှိသည့်အတွက် ပြည်တွင်းကိစ္စရပ်များ၏ ရှုပ်ထွေးမှုများကို နားလည်ပါကြောင်းနှင့် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် အာဆီယံနှင့် မြန်မာနှစ်ဦးနှစ်ဖက်လုံးအတွက် အဆင်ပြေသည့် နည်းလမ်းဖြင့် မြန်မာအား ကူညီရန် အသင့်ရှိပါကြောင်း၊ ကမ္ဘောဒီးယားအနေဖြင့် အာဆီယံ၏ အစည်းအဝေးတိုင်းတွင် အာဆီယံအဖွဲ့ဝင်အားလုံးပါဝင်သည့် အာဆီယံတပေါင်းတစည်းတည်းဖြစ်မှုကို ပြန်လည်တည်ဆောက်လိုပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် တူညီဆန္ဒ(၅)ချက်အား အကောင်အထည်ဖော်ဆောင်ရန် ဖြစ်နိုင်သည့် နည်းလမ်းပေါင်းစုံဖြင့် ကူညီဆောင်ရွက်နေမှုကို ပြသလိုကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်



နေပြည်တော် မေ ၂၁

ရန်ကုန်တိုင်းစစ်ဌာနချုပ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ နွေရာသီတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ကိုယ်၊ စိတ်၊ နှလုံး ယဉ်ကျေးလိမ္မာစေရန် ရည်ရွယ်၍ ယဉ်ကျေးလိမ္မာသင်တန်းအမှတ်စဉ်(၁/၂၀၂၂)ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အနော်ရထာခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက သင်တန်းသား သင်တန်းသူများအား ဗုဒ္ဓဝင်နှင့်(၃၈)ဖြာ မင်္ဂလာတရားစာအုပ်များကို ပေးအပ်သည်။ အဆိုပါသင်တန်းကို သင်တန်းသား သင်တန်းသူ ၁၀၀ ဖြင့် လည်းကောင်း၊ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီး၌လည်း အဆိုပါသင်တန်းများကို သင်တန်းသား သင်တန်းသူ ၁၅၀၀ ဖြင့် လည်းကောင်း မေ ၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ရှေ့ဖုံးမှ

လမ်းအကျယ် ၁၂ ပေ၊ မြေသား+ဂျင်းခင်းခြင်း ၂ ပေ ၉ လက်မ ဒုရှိသည့် ကျေးလက်ကုန်ထုတ်လမ်း ၁၀ လမ်းနှင့် ဂျင်း ကိုးလက်မဒုရှိသည့် ကျေးလက်ကုန်ထုတ်လမ်း နှစ်လမ်း စုစုပေါင်း ကျေးလက်ကုန်ထုတ်လမ်း ၁၂ လမ်းကို ဖောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်စောက ပြောကြားသည်။

"တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဘတ်ဂျက်ငွေနဲ့ မြို့နယ် ၁၂ မြို့ နယ်မှာ ကုန်ထုတ်လမ်းတွေ ဖောက်ပေးသွားမှာပါ။ ခွင့်ပြုချက်တော့ ကျပါပြီ။ ဆက်လက်ပြီး တင်ဒါတွေခေါ်ယူသွားမှာပါ။ တင်ဒါခေါ်ယူပြီး အောင်မြင်တဲ့ ကုမ္ပဏီနဲ့ စာချုပ်ချုပ်ပြီး ဆောင်ရွက်သွားမှာပါ။ ခုလိုမျိုး ကုန်ထုတ်လမ်းတွေ ဖောက်လုပ်ပေးနေတာဆိုရင် စိုက်ပျိုးရေးတောင်သူတွေ အကျိုးစီးပွားအတွက် လုပ်ဆောင်ပေးနေတာပါ။ ယခင်ကကုန်ထုတ်လမ်းတွေမရှိတဲ့အခါမှာ စိုက်ပျိုးတဲ့သီးနှံတွေဟာ မိုးလေဒဏ်တွေကြောင့် ပျက်စီးမှုတွေဖြစ်ပေါ်ကြပါတယ်။ အဲဒါကြောင့် ကျေးလက်ကုန်ထုတ်လမ်းတွေ ဖောက်လုပ်ပေးနေတာပါ။ ကုန်ထုတ်လမ်းရှိတဲ့အတွက်ကြောင့် သီးနှံတွေကို အချိန်မရွေးသယ်ယူပို့ဆောင်လို့ရပါတယ်" ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ မြို့နယ် ၁၂ မြို့နယ်တွင် တောင်သူများအကျိုးစီးပွားအတွက် သီးနှံများကို ရာသီမရွေး ထုတ်လုပ်နိုင်စေရန် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပေးမည့် မြို့နယ်များမှာ ပုသိမ်ကြီးမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ မြစ်သားမြို့နယ်၊ တံတားဦးမြို့နယ်၊ ငါန်းဇွန်မြို့နယ်၊ တောင်သာမြို့နယ်၊ မလှိုင်မြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ် စသည့်မြို့နယ်တို့ရှိ တောင်သူများအတွက် ဖောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**

# အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ နွေရာသီသင်တန်းများ၌ တက်ရောက်လျက်ရှိသော ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



နေပြည်တော် မေ ၂၁

အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများအတွက် ဖွင့်လှစ်ထားရှိသည့် နွေရာသီသင်တန်းများဖြစ်သော အခြေခံအင်္ဂလိပ်သဒ္ဒါနှင့် စကားပြောသင်တန်း၊ ကွန်ပျူတာသင်တန်း၊ မြန်မာ့သိုင်းသင်တန်းနှင့် ယဉ်ကျေးလိမ္မာသင်တန်းများသို့ ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ယဉ်ကျေးလိမ္မာသင်တန်း သင်ကြားပို့ချလျက်ရှိသော တောင်ယာကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကဝိန္ဒအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေ ဆက်ကပ်လှူဒါန်းပြီး ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် အာဟာရပြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ ဌာနချုပ်/တပ်ရင်း/တပ်ဖွဲ့များရှိ ယဉ်ကျေးလိမ္မာသင်တန်း တက်ရောက်လျက်ရှိသော ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာ ဌာနချုပ်/တပ်ရင်း/တပ်ဖွဲ့များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လူ့အခွင့်အရေးနှင့် မြေယာ

ဒေါက်တာ ခိုင်ခိုင်ဝင်း

မြေဆိုသည်မှာ လူတစ်ဦးချင်းမှသည် နိုင်ငံအထိ အရေးပါသည့်အရာဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအစိုးရများအနေဖြင့် မြေကိုအသုံးပြုရပါသည်။ ကားလမ်း၊ ရထားလမ်းဖောက်ခြင်းများ၊ တံတားကြီးများတည်ဆောက်ခြင်း၊ လေယာဉ်ကွင်းများတည်ဆောက်ခြင်း၊ ခရိုင်ချင်းဆက်၊ မြို့နယ်ချင်းဆက်၊ ကျေးရွာချင်းဆက်လမ်းများဖောက်လုပ်ခြင်းများ၊ အမြန်လမ်းမနှင့် လမ်းမကြီးများချဲ့ထွင်ဆောင်ရွက်ခြင်း၊ တစ်ခါတစ်ရံ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံဆောက်လုပ်ခြင်းများစသည့် မြေအသုံးပြုဆောင်ရွက်မှုများကို ရည်ရွယ်ချက်အမျိုးမျိုးဖြင့် နိုင်ငံ၏လူမှုစီးပွား တိုးတက်ရေးအတွက်ဆောင်ရွက်ရသည်လည်း ဖြစ်ပါသည်။ လူတစ်ဦးချင်းအနေဖြင့် ကြည့်မည်ဆိုပါကလည်း မြေယာပိုင်ဆိုင်မှုရရှိခြင်းသည် အဆိုပါပုဂ္ဂိုလ်၏ လူမှုစီးပွားတိုးတက်မှုနှင့် ဆက်နွှယ်နေသည်လည်းဖြစ်ပါသည်။




### မြေအခွင့်အရေးပြဿနာ

လူ့အခွင့်အရေး ပြဿနာများထဲတွင် မြေအခွင့်အရေး (Land Right) သည် တစ်ခုအပါအဝင်ဖြစ်ပြီး ဖြေရှင်းရန် ခက်ခဲနက်နဲသည့် ပြဿနာတစ်ရပ်လည်းဖြစ်ပါသည်။ လူသားတစ်ဦးအတွက် လူ့အခွင့်အရေးများ ရရှိခံစားဖို့ရာ လိုအပ်သည်ဖြစ်ရာ အဆိုပါ လူ့အခွင့်အရေးများထဲတွင် Land Rights သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ သို့ရာတွင် Right to land ဟု တသီးတသန့် သတ်မှတ်ထားသည့် အခွင့်အရေးဆိုသည်ကား နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများတွင် မရှိဘဲ Right to land နှင့် ဆက်နွှယ်နေသည့် အခွင့်အရေးများဖြစ်သည့် Property Right၊ အဆိုပါ Property Right အတွက် အမျိုးသမီးများ တောင်းဆိုမှုများတွင် ခွဲခြားမှုမရှိရေး၊ တိုင်းရင်းသားများ၏ ယုံကြည်မှုဓလေ့ထုံးတမ်းနှင့် ၎င်းတို့နေထိုင်ရာမြေကို ၎င်းတို့ပိုင်ဆိုင်သည်ဆိုသည့် ယဉ်ကျေးမှုအခွင့်အရေးကို လက်ကိုင်ထားကာ တောင်းဆိုကြသည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများမှသည် Land Right နှင့် အမျိုးသမီးအခွင့်အရေး၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများဟု ဆက်စပ်ပါဝင်လာသည်ဖြစ်ရာ Land Right၊ Property Right၊ women Right၊ Ethnic Right အကြောင်းအရာများသည် ယနေ့ခေတ်စားနေသည့် မြေနှင့် လူ့အခွင့်အရေး ဆက်နွှယ်နေမှုများပင်ဖြစ်ပါသည်။ land Right သည် တစ်ဦးချင်းအခွင့်အရေး (Individual Right) ဖြစ်သကဲ့သို့ ရံဖန်ရံခါ အုပ်စုလိုက်အခွင့်အရေး (Group Right) လည်း ဖြစ်ပါသည်။

မြေယာပိုင်ဆိုင်လိုမှု အခွင့်အရေးအတွက် တောင်းဆိုလာသည့် အကြောင်းအရာပြဿနာများသည် ရှေးယခင်ကပင်ဖြစ်ပွားခဲ့၊ ယခုလည်း ဖြစ်ပွားဆဲ၊ နောင်လည်း ဖြစ်ပွားလာနိုင်သည့်ပြဿနာများဖြစ်ပါသည်။ လူသားတစ်ဦးအတွက် မြေယာပိုင်ဆိုင်ရရှိမှုအခွင့်အရေးသည် ရရှိခံစားခွင့်ရှိသည့် အခွင့်အရေးဖြစ်သော်လည်း မည်သည့်မြေကို မည်သို့ပိုင်ဆိုင်သည်ဆိုသည့် ပိုင်ဆိုင်မှု၊ အကြောင်းပြချက် အထောက်အထားများသည် မြေယာပိုင်ဆိုင်ခွင့်ကို ရရှိခံစားခွင့် ရှိ၊ မရှိ ဆိုသည်နှင့် တိုင်းတာဆုံးဖြတ်ကြသည်လည်း ဖြစ်ပါသည်။

> လူသားတစ်ဦးအတွက် မြေယာပိုင်ဆိုင်ရရှိမှုအခွင့်အရေးသည် ရရှိခံစားခွင့်ရှိသည့် အခွင့်အရေးဖြစ်သော်လည်း မည်သည့်မြေကို မည်သို့ပိုင်ဆိုင်သည်ဆိုသည့်ပိုင်ဆိုင်မှု၊ အကြောင်းပြချက် အထောက်အထားများသည် မြေယာပိုင်ဆိုင်ခွင့်ကို ရရှိခံစားခွင့် ရှိ၊ မရှိ ဆိုသည်နှင့် တိုင်းတာဆုံးဖြတ်
>
> မြန်မာနိုင်ငံအနေဖြင့် မြေယာနှင့်ပတ်သက်ပြီး ဌာနအလိုက် မြေစီမံခန့်ခွဲခြင်းနှင့် တည်ဆဲမြေဆိုင်ရာ ဥပဒေများကို ကြည့်မည်ဆိုပါက များပြားလှပြီး အုပ်ချုပ်ရေးအဖွဲ့အစည်းများကသာ ကျင့်သုံးရသော အထူးဥပဒေများဖြစ်၍ ၎င်းတို့၏ လုပ်ထုံးလုပ်နည်းနှင့် ပြစ်ဒဏ်သတ်မှတ်ချက်များ၊ အမိန့်၊ ဆောင်ရွက်ချက်များသည် တရားရေးကဏ္ဍရှိ တရားရုံးများ၏ စီရင်ပိုင်ခွင့်နှင့် မတူဘဲ ခွဲခြားသတ်မှတ်ချက်အချို့လည်းရှိ

မြန်မာနိုင်ငံအနေဖြင့် မြေဟုဆိုရာတွင် မြေအမျိုးမျိုးရှိပါသည်။ မြို့မြေ၊ ရွာမြေ၊ စိုက်ပျိုးမြေ၊ ကျေးရွာဘုံမြေ၊ သာသနာ့မြေ၊ သိမ်မြေ၊ သုသာန်မြေ၊ စားကျက်မြေ၊ သတ္တုတွင်းမြေ၊ ရထားလမ်းမြေ၊ လမ်းမြေ၊ ဆည်မြောင်း၊ တာတမံ၊ ဆည်၊ မြစ်ချောင်း၊ အင်းအိုင်မြေ၊ စက်ရုံမြေ၊ လေယာဉ်ကွင်းမြေ၊ တပ်မြေ၊ ရေအောက်မြေ၊ ကန်မြေစသည်တို့အပြင် အမျိုးအစား ခွဲခြားခြင်းမပြုနိုင်သောမြေ (Unclassified Areas)များနှင့် အခြားမြေအမျိုးအစားများလည်း ရှိပါသည်။ ထိုမြေများအနက်မှ တစ်ဖန်ပြန်၍ ခွဲခြမ်းရာတွင် စိုက်ပျိုးမြေများထဲမှ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်စိုက်ပျိုးမြေ၊ ဓနိမြေ၊ ဥယျာဉ်ခြံမြေ၊ ဟင်းသီးဟင်းရွက်ပန်းမန်စိုက်ပျိုးသည့် ခြံမြေ၊ မြေနုကျွန်းမြေ၊ ရွှေ့ပြောင်းတောင်ယာမြေဟူ၍ ခွဲခြမ်းထားပါသည်။ လမ်းမြေတွင်လည်း ဆောက်လုပ်ရေးလမ်းမြေ၊ စည်ပင်သာယာလမ်းမြေ၊ ကျေးလက်လမ်းမြေဟူ၍ ခွဲခြားထားသကဲ့သို့ သတ္တုတွင်းမြေကိုလည်း ဓာတ်သတ္တု၊ ကန့်သတ်နယ်မြေ၊ ရတနာမြေ၊ ရေနံစွမ်းအင်မြေဟူ၍ ထပ်မံခွဲခြားထားပါသည်။

### ရှုပ်ထွေးကွဲပြား

မြေဟုဆိုရာတွင် မြေအမျိုးမျိုး၊ နာမည်အမျိုးမျိုးဖြင့် ရှုပ်ထွေးသကဲ့သို့ ပိုင်ဆိုင်ခွင့် တောင်းခံခြင်းနှင့်စပ်လျဉ်း၍လည်း ဖြေရှင်းဆောင်ရွက်ရသည့် နည်းလမ်းများသည် မြေအမျိုးအစားအပေါ်မူတည်ပြီး ရှုပ်ထွေးကွဲပြားသည်လည်းဖြစ်ပါသည်။ မြေအမျိုးမျိုးရှိသကဲ့သို့ တည်ဆဲမြေဆိုင်ရာ ဥပဒေများလည်း အမျိုးမျိုးရှိနေပါသည်။ မြေပိုင်ဆိုင်မှု အရှုပ်အထွေးများသည် ကမ္ဘာ့နိုင်ငံများတွင်ဖြစ်ပွားနေသည့်ပြဿနာဖြစ်သကဲ့သို့ အထူးသဖြင့် တိုင်းရင်းသားလူမျိုးများနေထိုင်သူအများစုရှိရာ နိုင်ငံများတွင် ပိုမိုအဖြစ်များပြီး ရှုပ်ထွေးသည့်ကိစ္စတစ်ရပ်လည်း ဖြစ်ပါသည်။ မြေယာအမှုများတွင် နိုင်ငံနှင့်ပြည်သူများအကြား ဖြစ်ပွားသည်များရှိသကဲ့သို့ ပြည်သူအချင်းချင်းကြား အပြန်အလှန်ဖြစ်ပွားခြင်းမျိုးလည်းရှိပါသည်။

မြေယာပိုင်ဆိုင်မှုနှင့် စပ်လျဉ်းပြီး ဆောင်ရွက်သည့် ကိစ္စရပ်များတွင် စီရင်ပိုင်ခွင့်ရှိသူများ၏ တရားမျှတမှုမရှိခြင်း ( injustice)၊ ခွဲခြားဆက်ဆံခြင်းများ( Discrimination)၊ အဂတိလိုက်စားခြင်းများ (Corruption)၊ မြေယာလုယူခြင်းများ (Land Grabbing) တို့သည် လူ့အခွင့်အရေး ထိပါးချိုးဖောက်မှုများနှင့် ဆက်စပ်နေသည်လည်းဖြစ်ရာ မြေယာအမှုများ ပေါ်များသည့်နိုင်ငံသည် လူ့အခွင့်အရေးများ ထိပါးချိုးဖောက်မှုများသည်ဟုလည်း ယေဘုယျအားဖြင့် သုံးသပ်ကြပါသည်။ လေ့လာတွေ့ရှိချက်များအရ မြေကိုပိုင်နိုင်စွာ စီမံခန့်ခွဲနိုင်သည့်နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုအားကောင်းသည့်နိုင်ငံများ ဖြစ်လာသည်ဟု ဆိုကြပါသည်။

### ရှုပ်ထွေးနက်နဲ

မြေယာပိုင်ဆိုင်မှုနှင့် စပ်လျဉ်းပြီး ဆောင်ရွက်သည့် ကိစ္စရပ်များသည် ရှုပ်ထွေးနက်နဲသည့်အပြင် မြေအသုံးချစီမံခန့်ခွဲမှုတို့တွင် စီမံခန့်ခွဲသူတို့၏ အလွဲအမှားများ၊ အားနည်းချက်များ၊ တည်ဆဲ မြေယာဥပဒေများ၏ ရှုပ်ထွေးမှုများ၊ မြေဆိုင်ရာ တာဝန်ရှိဝန်ထမ်းတို့က ဥပဒေနှင့်အညီ ပြည်သူကိုဝန်ဆောင်မှုမပြုဘဲ မျက်ကွယ်ပြုခြင်းများ စသည်တို့အပြင် အခြားသော အားနည်းချက်များလည်း ရှိနေသည် ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံအတွက် မြေကိုကောင်းစွာစီမံခန့်ခွဲနိုင်ရန် ခိုင်မာသည့်၊ စည်းနှောင်မှုအားကောင်းသည့် ဥပဒေလိုအပ်ပါသည်။ ခိုင်မာအားကောင်းသည့်ဥပဒေရှိသည့်တိုင် ဥပဒေကို စီမံခန့်ခွဲသည့် လူသားများ၏ စွမ်းရည်နှင့် ဥပဒေနှင့်အညီ စီမံခန့်ခွဲမှု အရည်အချင်း အားနည်းမည်ဆိုပါက မြေယာအုပ်ချုပ်မှု၊ ပိုင်ဆိုင်မှုအရေးကိစ္စများတွင် အုပ်ချုပ်မှုလျော့ရဲကာ ပြဿနာများ ဖြေရှင်းပေးနိုင်မည်မဟုတ်ပေ။

ဥပဒေဟုဆိုရာတွင်လည်း မြန်မာနိုင်ငံအနေဖြင့် မြေယာနှင့်ပတ်သက်ပြီး ဌာနအလိုက် မြေစီမံခန့်ခွဲခြင်းနှင့် တည်ဆဲမြေဆိုင်ရာ ဥပဒေများကို ကြည့်မည်ဆိုပါက များပြားလှပြီး အုပ်ချုပ်ရေး အဖွဲ့အစည်းများကသာ ကျင့်သုံးရသော အထူးဥပဒေများဖြစ်၍ ၎င်းတို့၏ လုပ်ထုံးလုပ်နည်းနှင့် ပြစ်ဒဏ်သတ်မှတ်ချက်များ၊ အမိန့်၊ ဆောင်ရွက်ချက်များသည် တရားရေးကဏ္ဍရှိ တရားရုံးများ၏ စီရင်ပိုင်ခွင့်နှင့် မတူဘဲ ခွဲခြားသတ်မှတ်ချက်အချို့လည်း ရှိကြောင်း တွေ့ရပါသည်။

နိဂုံးချုပ်အားဖြင့် ဆိုရသော် မြန်မာနိုင်ငံအနေဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၁၄၀ ကျော်က ပေါ်ပေါက်ခဲ့သည့် မြေဆိုင်ရာဥပဒေမှသည် အမျိုးသားမြေအသုံးချမှု မူဝါဒမှတစ်ဆင့် မြေဆိုင်ရာ ထီးရိုပ်ဥပဒေဖြစ်သည့် အမျိုးသား မြေဥပဒေတစ်ရပ် အမြန်ဆုံး ပေါ်ထွန်းလာနိုင်စေရေးနှင့် လူ့အခွင့်အရေးနှင့် မြေယာပြဿနာများ လျော့နည်းပပျောက်ပြီး နိုင်ငံ၏လူမှုစီးပွား၊ ပြည်သူတစ်ဦးချင်းစီ၏ လူမှုစီးပွားများ အမြန်ဆုံး တိုးတက်နိုင်ပါစေကြောင်း ဆုမွန်တောင်းလျက် ရေးသားတင်ပြအပ်ပါသည်။ ။

**ကိုးကား။ ။** အသုံးချ မြေယာနှင့် အုပ်ချုပ်ရေး၊ ဦးကျော်မြင့် G.A၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ၂၀၂၂ မတ်လ





# ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူနိုင်ရေး လုပ်ငန်းစဉ် (၄)ရပ်ဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအထိ ၅၁ လခန့် လျာထားဆောင်ရွက်

နေပြည်တော် မေ ၂၁

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ၂၀၁၃ ခုနှစ် ဇူလိုင် ၂၉ ရက်က အတည်ပြုထုတ်ပြန်ခဲ့သော လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေပုဒ်မ-၃ အရ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်း ကော်မတီဖွဲ့စည်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## အခြေခံအသုံးပြုရ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ရန် မူဝါဒများချမှတ်ခြင်းနှင့် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းစသည့် လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံအသုံးပြုရသည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို လူဦးရေသန်းခေါင်စာရင်းများမှသာ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့ခေတ်တွင် သန်းခေါင်စာရင်းသည် လူဦးရေသာမက ပညာရေး၊ အလုပ်အကိုင်၊ မွေးနှုန်း၊ သေနှုန်း၊ သက်ကြီးရွယ်အို၊ မသန်စွမ်း၊ ပြောင်းရွှေ့သွားလာမှု၊ အိမ်အကြောင်းအရာစသည့် လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များကိုပါ ကောက်ယူလာကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခဲ့ပြီးဖြစ်သဖြင့် နောက်တစ်ကြိမ် သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ်တွင် ကောက်ယူရန် အလှည့်ကျရောက်ပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် စီမံချက်ရေးဆွဲပြီး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကို ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း၊ စာရင်းကောက်ယူခြင်းလုပ်ငန်း၊ စာရင်းဇယားပြုစုခြင်းလုပ်ငန်း၊ ဆန်းစစ်လေ့လာခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်းလုပ်ငန်းစသည့်လုပ်ငန်းစဉ် (၄) ရပ်ဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအထိ ၅၁ လခန့်ဖြင့် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအခါ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိပြီး လက်ရှိ နိုင်ငံတော်အစိုးရတာဝန်ယူစဉ်ကာလအတွင်း ပထမအဆင့်ဖြစ်သည့် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းအတွက် လုပ်ငန်းစဉ် အဆင့်ရှစ်ဆင့်ရှိသည့်အနက် အဆင့်ငါးဆင့်ဖြစ်သည့် အခြေခံဒေသစာရင်းများပြုစုခြင်း၊ သန်းခေါင်စာရင်းလုပ်ငန်းအသေးစိတ်စီမံချက် (Project Document) ရေးဆွဲခြင်း၊ သန်းခေါင်စာရင်းကော်မရှင်နှင့် ကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်း၊ GIS နည်းပညာအသုံးပြု၍ မြေပုံရေးဆွဲပြုစုခြင်း၊ စာရင်းကောက်ကွက်များဖွဲ့စည်းခြင်း၊ မေးခွန်းပုံစံနှင့် လက်စွဲစာစောင်များပြုစုခြင်းတို့ကို လုပ်ငန်းအချိန်ဇယား ရေးဆွဲကာ ပထမဦးစွာ အကောင်အထည်ဖော်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းအဆင့်ငါးဆင့်တွင် ပါဝင်သည့် သန်းခေါင်စာရင်းကော်မရှင်နှင့် ကော်မတီ အဆင့်ဆင့်ဖွဲ့စည်းခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရေးအတွက် လျာထားမှုကို ညှိနှိုင်းဆွေးနွေးပြီး အကြံဉာဏ်ရယူနိုင်ရန် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသည် လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်ပြီး အချိန်နှင့် ငွေကြေးများစွာ ရင်းနှီးစိုက်ထုတ်ရသည့်အပြင် ဆောင်ရွက်မှုအဆင့်တိုင်းတွင် အစိုးရဌာနပေါင်းများစွာ ပူးပေါင်းဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း။

## ခြေလှမ်းစတင်

ယခုလက်ရှိ နိုင်ငံတော်အစိုးရတာဝန်ယူစဉ်ကာလအတွင်း သန်းခေါင်စာရင်းကောက်ယူ ခြင်းလုပ်ငန်းကို ခြေလှမ်းစတင်လှမ်း လိုက်ခြင်းဖြစ်ပြီး လုပ်နိုင်သမျှသောလုပ်ငန်းများကို ပြီးစီးနိုင်သမျှပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် မှန်ကန်သော ဦးဆောင်လမ်းညွှန်မှု၊ လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများပြုလုပ်ပေးနိုင်ရေးအတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီ ဖွဲ့စည်းနိုင်ရေးနှင့် သန်းခေါင်စာရင်းကောက်ယူရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်သည့်ဌာနများ မကျန်ရှိစေရေးအတွက် အစည်းအဝေး တက်ရောက်လာသူများအနေဖြင့် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇော်အောင်က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရန် စီမံဆောင်ရွက်ထားရှိမှုနှင့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ကော်မတီတို့၏ ဖွဲ့စည်းထားရှိမှု(မူကြမ်း) ရေးဆွဲထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

## ဆွေးနွေးပြောကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ကော်မရှင်နှင့်ကော်မတီဖွဲ့စည်းမှုနှင့်ပတ်သက်၍ ထည့်သွင်းဖွဲ့စည်းရမည့်အခြေအနေများ၊ လုပ်ငန်းတာဝန်များတွင် ပြင်ဆင်ဖြည့်စွက်သင့်သည့် အချက်များ၊ ဌာနများ၏ လိုအပ်ချက်အရ မေးခွန်းပုံစံတွင် ဖြည့်စွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများက လုပ်ငန်းဆိုင်ရာဆောင်ရွက်မှုများတွင် ဌာနအလိုက် ပံ့ပိုးဆောင်ရွက်ပေးမည့် အစီအစဉ်များကို အကြံပြုသုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ကော်မတီအတည်ပြုဖွဲ့စည်းနိုင်ရေးနှင့် လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် လုပ်ငန်းစီမံချက်ဖြစ်စေရေးအတွက် စီမံဆောင်ရွက်သွားမည့် အစီအစဉ်များ၊ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်နိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ နိဂုံးချုပ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းဇော်လင်းကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာ မဥ္ဇူမြင်း<br>ဒုတိယပါမောက္ခချုပ်<br>မိုးညှင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မိုးညှင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ခ) | ဦးခင်မောင်ဆွေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(တည်ဆောက်ရေး)<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

# ၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်း ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲအတွက် ဖိတ်ခေါ်ခြင်း

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၂၂ ခုနှစ် ဇွန်လ ငါးရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို **"တစ်ခုတည်းသော ကမ္ဘာမြေ (Only One Earth)"** ဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ကျွန်ုပ်တို့သည် သဘာဝတရားနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲစွာ နေထိုင်ရန်နှင့် မူဝါဒများနှင့် တစ်ဦးချင်းစီ၏ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာနေထိုင်နိုင်မည့် နည်းလမ်းရွေးချယ်မှုများမှတစ်ဆင့် ပိုမိုစိမ်းလန်းသော နေထိုင်မှုပုံစံသို့ အသွင်ကူးပြောင်းနိုင်ရေးအတွက် ဖြစ်နိုင်သမျှ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ယခုနှစ်ဆောင်ပုဒ်မှ တိုက်တွန်းထားပါသည်။ ယခုနှစ်ဆောင်ပုဒ်၏ တိုက်တွန်းနှိုးဆော်ချက်များကို ပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ **"တစ်ခုတည်းသော ကမ္ဘာမြေ (Only One Earth)"** ခေါင်းစဉ်ဖြင့် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲများကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆုရရှိသူများကို ၂၀၂၂ ခုနှစ် ဇွန်လ ငါးရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုချီးမြှင့်သွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။ စာမူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအမှတ် (၅၈) နေပြည်တော် ဖုန်း- ၀၆၇-၄၃၁၃၂၉၊ အီးမေးလ် hr.env.ecd@gmail.com သို့ ၂၀၂၂ ခုနှစ် မေလ ၃၂ ရက် ကြာသပတေးနေ့ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပြီး အသေးစိတ် အချက်အလက်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Website (www.ecd.gov.mm) နှင့် Facebook Page (Environmental Conservation Department-ECD) တို့တွင် ဝင်ရောက် ကြည့်ရှုနိုင်ကြောင်း အသိပေးအပ်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# တနင်္သာရီတိုင်းဒေသကြီး သမဝါယမကဏ္ဍမှ ပြည်ပသို့ ရေထွက်ပစ္စည်းများ တင်ပို့

ကော့သောင်း မေ ၂၁

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပင်လယ်ငါးဖမ်းလုပ်ငန်းများမှ ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများကို ပြည်ပပို့ကုန်အဖြစ် တင်ပို့လျက်ရှိရာ ကော့သောင်းမြို့နယ် သိမ်းထိုက်ဇော် ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်မှ အမေရိကန်ဒေါ်လာ ၂ဒသမ ၄၂၆ သန်း တန်ဖိုးရှိရေထွက်ပစ္စည်းကုန်တန်ချိန် ၂၇၅၉ ဒသမ ၃၇၂ တန်နှင့် အောင်ကျော်ဇေ ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၆၂ သန်း တန်ဖိုးရှိ ရေထွက်ပစ္စည်း ကုန်တန်ချိန် ၁၉၂၀ ဒသမ ၇၃၆ တန်ကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချခဲ့ပြီး နိုင်ငံခြားဝင်ငွေရရှိစေရန်အတွက် သမဝါယမကုန်သွယ်မှုကဏ္ဍက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နွေရာသီ၌ ရေချိုးစနစ်မှန်ကန်စေရန် ဂရုပြု

အိုဇုန်းလွှာပြဿနာကြောင့် ကမ္ဘာကြီး ပူနွေးလျက်ရှိရာ မြန်မာနိုင်ငံ၏ ရာသီဥတုမှာလည်း တစ်နေ့ထက်တစ်နေ့ အပူရှိန်မြင့်တက်လျက်ရှိသည်။ နေ့ရောညပါ ချွေးထွက်ကြရသည်။ ထိုအခါ ရေများများသောက်ပေးဖို့ လိုအပ်လာသည်။ အဘယ်ကြောင့်ဆိုသော် အပူဒဏ်ကိုရင်ဆိုင်ရာတွင် လူတို့၏ ဇီဝပြောင်းလဲမှုဖြစ်စဉ်များကို ထိန်းချုပ်နိုင်ရန်အတွက် "ရေ"က မရှိမဖြစ်အရာ ဖြစ်ပါသည်။ အပူဒဏ်ကြောင့် တစ်နာရီကြာ ချွေးထွက်ခြင်းအတွက် သန့်ရှင်းသောသောက်ရေကို တစ်လီတာခန့် သောက်သုံးပေးသင့်ပါသည်။ ချွေးထွက်လွန်နေသော အရွယ်ရောက်ပြီးသူ လူတစ်ဦးအတွက် တစ်နေ့လျှင် သန့်ရှင်းသော သောက်ရေ(ငါးလီတာမှ ရှစ်လီတာခန့်)ကို ခွတ်ဆားရည်နှင့်ရော၍ သောက်သုံးပေးသင့်ပါသည်။

**အဘယ်ကြောင့် ရေများများသောက်သင့်သနည်း**

- အကယ်၍ လူတစ်ယောက်သည် အပူချိန် ၁၀၆ ဒီဂရီဖာရင်ဟိုက် (၄၁ ဒီဂရီစင်တီဂရိတ်)တွင် အချိန်ကြာကြာ အပူဒဏ်ကို ဆက်၍ခံနေရပါက ဦးနှောက်ကလာပ်စည်းများကို ထိခိုက်ပျက်စီးစေနိုင်သည်။
- အကယ်၍ လူတစ်ယောက်သည် အပူချိန် ၁၀၉ ဒီဂရီဖာရင်ဟိုက် (၄၃ ဒီဂရီစင်တီဂရိတ်)တွင် အသက်သေဆုံးနိုင်သည်။

ထို့ကြောင့် ပြောင်းလဲလာသော ပြင်ပအပူရှိန်နှင့်အတူ လူ့ခန္ဓာကိုယ်တွင်း၌အပူချိန်တို့ မျှခြေဖြစ်စေဖို့အတွက် ပူပြင်းသောရာသီတွင် ရေများများ သောက်ပေးသင့်ပါသည်။ အပူဒဏ်ခံရမှုကြောင့် ကိုယ်အပူချိန်ကျစေရန်အတွက်ကိုလည်း ရေများများသောက်ခြင်း၊ ခန္ဓာကိုယ်တွင်း အပူငြိမ်း၍ အေးမြစေသော အစားအသောက်များဖြစ်ကြသည့် ဥပမာ နွားနို့၊ ဒိန်ချဉ်၊ အုန်းစိမ်းရည်၊ ထန်းရည်ချို၊ ဖရဲသီး၊ ဖရဲသခွား၊ သခွားမွှေးသီး၊ သံပရာသီး၊ သခွားသီး၊ ဘူးသီး၊ မန်ကျည်းသီး၊ ရှောက်သီး၊ ပူစီနံရွက်၊ ဂေါ်ရခါးသီး၊ မုန်လာဥအဖြူ စသည်တို့ကို စားပေးသင့်ပါသည်။

**နွေရာသီ ရေချိုးသင့်သောအချိန်**

ပူပြင်းသောရာသီတွင် ရေချိုးနည်းစနစ်မှန်ကန်ရန်လည်း အထူးအရေးကြီးသည်။ ရေချိုးနည်းမှန်ကန်မှသာလျှင် အပူကိုအကြောင်းခံ၍ ဖြစ်ပေါ်သော လေသင်တုန်းရောဂါ (Heat Stroke)ကို ကာကွယ်နိုင်မည်ဖြစ်ပေသည်။ ရေချိုးသည်ဆိုရာတွင်လည်း အချိန်အခါမဟုတ် မချိုးသင့်ပေ။ "ဆောင်းတစ်ဆယ်၊ နွေကိုး၊ မိုးခုနစ် ရေချိုးစနစ် အကျိုးဖြစ်၏" ဟု ရှေးဗိန္ဒောဆရာကြီးများက မိန့်ဆိုထားသည်။ ထို့ကြောင့် နွေရာသီအတွက် ရေချိုးရန် အသင့်တော်ဆုံးအချိန်မှာ နံနက် ၉ နာရီ ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံရာသီဥတုအတွက် ၁၂ လရာသီပတ်လုံးမှာ နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်းသာ ရေချိုးသင့်ကြောင်း မှတ်သားလိုက်နာသင့်ပေသည်။ နေပူထဲကပြန်လာလျှင် ချက်ချင်းရေမချိုးသင့်ပေ။ နေပူထဲကပြန်လာပြီး ရေချိုးလိုပါက ရေကိုဝအောင်သောက်ပြီးနောက် ခေတ္တဆိုင်းငံ့အနားယူပြီးမှသာ ရေချိုးသင့်ပါသည်။ (ရေခဲရေမသောက်ပါနှင့်)။ မည်မျှပင်ပူအိုက်နေပါစေ ညဘက် ရေချိုးခြင်းကို ရှောင်ရှားသင့်ပေသည်။ ညအချိန် ရေချိုးခြင်းက သွေးလေထိုင်းမှိုင်းပြီး အခိုးမထွက်တော့ဘဲ ရေချိုးများ၏ ဖျားနာတတ်သည်။ အဆိုးဆုံး အခြေအနေ၌ လေဖြတ်တတ်ပါသည်။ အကယ်၍ မဖြစ်မနေ ညဘက် ရေချိုးရမည်ဆိုပါက အိမ်ထဲတွင် ဆယ့်ငါးမိနစ်ခန့် မရပ်မနား လမ်းသွက်သွက်လျှောက်ပြီး လည်ကုပ်နှင့်ချိုင်း(ဂျိုင်း) ချွေးစို့လာမှသာ ရေချိုးသင့်ပါသည်။

**ရေချိုးနည်းစနစ်**

ပုံမှန်ကျန်းမာရေးကောင်းမွန်နေသူအတွက် လိုက်နာသင့်သော ရေချိုးပုံနည်းစနစ်အဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်သည်။

- ပထမအဆင့်၌ ဒူးဆစ်အောက်ပိုင်း ခြေထောက်မှစ၍ ရေလောင်းချိုးပါ။
- ဒုတိယအဆင့်၌ ခါး၊ ပေါင် စသည်တို့ကို ရေလောင်းချိုးပါ။
- တတိယအဆင့်၌ ကျောပြင်မှစ၍ ရေလောင်းချိုးပါ။
- စတုတ္ထအဆင့်၌ တစ်ကိုယ်လုံး ရေလောင်းချိုးပါ။

ထိုနည်းစနစ်ဖြင့် ရေချိုးလျှင် ကိုယ်ခန္ဓာအတွင်း အောင်းနေသော အပူ၊ အပုပ်၊ အခိုးများ တရှိန်ရှိန်ထွက်၍ ကိုယ်လက်ပေါ့ပါးကာ စိတ်ကြည်လင်လန်းဆန်းလာစေပါမည်။ အထူးသတိထားဆင်ခြင်ရန်မှာ ရေကို ခေါင်းကစ၍ လောင်းချိုးလျှင် တစ်ကိုယ်လုံးရှိ အခိုးအငွေ့များ ဦးခေါင်းထဲရောက်လာ၍ ခေါင်းကိုက်၊ ခေါင်းမူး၊ မျက်စိမှုန်၊ ဆံပင်ကျွတ်၊ ထိပ်ပြောင် စသည်တို့ ဖြစ်စေသည်။ ထို့ကြောင့် ခေါင်းလျှော်သည့်နေ့တွင်လည်း ဖော်ပြပါ ရေချိုးပုံနည်းစနစ် အဆင့်ဆင့်အတိုင်း လိုက်နာသင့်ပါသည်။

အထက်ပါရေချိုးနည်းသည် ကျန်းမာရေးပုံမှန်ကောင်းမွန်နေသူများအတွက် ဖြစ်သော်လည်း ခြေဖျားလက်ဖျား အမြဲအေးစက်လေ့ရှိသူများ၊ သွေးပေါင်ချိန်ကျသူများနှင့် တစ်မိနစ်လျှင် သွေးခုန်နှုန်း အကြိမ် ၅၀ အောက် နည်းသူများကမူ ရေမချိုးခင် အသက်ပြင်းပြင်း လေဝဝရှူပါ။ လေကောင်းလေသန့်ရသောနေရာ၌ ခေတ္တမျှလမ်းလျှောက်ပြီး ရေနွေးဖြင့်ချိုးပါ။ သို့သော် ရေနွေးအပူသည် လူ့ခန္ဓာကိုယ် အပူရှိန်ထက်ပို၍ မပူသင့်ပေ။ ရေနွေးနှင့် ရေချိုးနေစဉ် မျက်နှာသုတ်ပဝါတစ်ထည်ကို ရေအေးဆွတ်၍ ဦးခေါင်းထက် ပေါင်းထားသင့်ပါသည်။

**ရေချိုးခြင်း၏ အကျိုးကျေးဇူးများ**

နေ့စဉ် ရေချိုးခြင်းအားဖြင့် လူ့ခန္ဓာကိုယ်အား အပူ၊ အအေးမျှတအောင် သဘာဝနည်းဖြင့် ပြုပြင်ပေးရာရောက်သည်။ ရေချိုးခြင်းဖြင့် အောက်ပါ အကျိုးကျေးဇူးများကို ရရှိနိုင်ပါသည်။ တစ်နည်းဆိုသော် ခန္ဓာကိုယ်အား အပူအအေးမျှတအောင် သဘာဝအလျောက်ပြုပြင်ပေးသည့် ကုထုံးတွင် ရေချိုးခြင်းက အထိရောက်ဆုံးနှင့် အလွယ်ကူဆုံးနည်းစနစ်ဖြစ်ပါသည်။ ရေမှန်မှန်ချိုးခြင်းဖြင့် အောက်ဖော်ပြပါကျန်းမာရေးအကျိုးကျေးဇူးများကို ရရှိနိုင်ပါသည်။

လူ့ခန္ဓာကိုယ်မှထွက်သည့် မကောင်းသော အခိုးအနံ့နှင့် ကြေးညှော်များကို သန့်ရှင်းစင်ကြယ်စေသည်။ အာဂန္တုပိုးမွှားများကို ပယ်ဖျောက်စေပါသည်။ ထိုမျှမက ကူးစက်တတ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်စေသော ကိုရိုနာဗိုင်းရပ်စ်ပိုးများကိုလည်း ရေများများလောင်း၍ ဆပ်ပြာမော်လီကျူးများဖြင့် နှိမ်နင်းနိုင်ပါသည်။ လူ့ခန္ဓာကိုယ်မှထွက်သော ချွေးအဆီအစေးတို့သည် ကိုးသောင်းကိုးထောင်သော မွေးညင်းပေါက်များကို ပိတ်ဆို့ထားရာ ရေချိုးလိုက်ခြင်းဖြင့် ၎င်းမွေးညင်းပေါက်များ ပွင့်လာသည်။ အခိုးပွင့်လာသဖြင့် စိတ်ကြည်လင်လန်းဆန်းလာသည်။ ရေမှန်မှန်ချိုးခြင်းဖြင့် မျက်စိကြည်လင်စေပြီး သွားကိုက်သွားနာခြင်း၊ သွားဖုံးရောင်ခြင်း၊ ခေါင်းအုံခြင်း၊ အကြောတက်ခြင်း၊ နားအူခြင်းတို့မှ ကာကွယ်နိုင်သည်။ ပင်ပင်ပန်းပန်း လုပ်ကိုင်ပြီးနောက် ရေချိုးလိုက်သောအခါ ချက်ချင်းဆိုသလို အားအင်ပြန်လည်ပြည့်ဝသလို စိတ်ရောကိုယ်ပါ ခံစားရနိုင်ပါသည်။ သဘာဝပတ်ဝန်းကျင်လေထုနှင့် ထိတွေ့မှုနည်းသော ခန္ဓာကိုယ်ရှိ အစိတ်အပိုင်းများဖြစ်ကြသည့် ပေါင်ခြံ၊ ချိုင်း(ဂျိုင်း)ကြားတို့ကို ရေချိုးခြင်းဖြင့် သန့်ရှင်းစင်ကြယ်စေသည်။ ရေချိုးခြင်းဖြင့် မျက်စိ၊ နား၊ နှာခေါင်း ကျန်းမာရေးအတွက် တစ်ဖက်တစ်လမ်းက လွန်စွာကောင်းကျိုးပြုပါသည်။ နွေရာသီ ခံတွင်းပျက်၊ အစာစားလိုစိတ်မရှိသော သက်ကြီးရွယ်အိုများ ရေချိုးပြီးနောက် ထမင်းစားပါက ခံတွင်းလိုက်ပြီး ထမင်းမြိန်စေပါသည်။

နွေရာသီအတွက် ရေချိုးရန် အသင့်တော်ဆုံးအချိန်မှာ နံနက် ၉ နာရီ ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံရာသီဥတုအတွက် ၁၂ လရာသီပတ်လုံးမှာ နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်းသာ ရေချိုးသင့်ကြောင်း မှတ်သား လိုက်နာသင့်ပေသည်။ နေပူထဲကပြန်လာလျှင် ချက်ချင်းရေမချိုးသင့်ပေ။ နေပူထဲကပြန်လာပြီး ရေချိုးလိုပါက ရေကိုဝအောင်သောက်ပြီးနောက် ခေတ္တ ဆိုင်းငံ့အနားယူပြီးမှသာ ရေချိုးသင့်ပါသည်။ (ရေခဲရေ မသောက်ပါနှင့်)။ မည်မျှပင်ပူအိုက်နေပါစေ ညဘက် ရေချိုးခြင်းကို ရှောင်ရှားသင့်ပေသည်။ ညအချိန်ရေချိုးခြင်းက သွေးလေထိုင်းမှိုင်းပြီး အခိုးမထွက်တော့ဘဲ ရေချိုးများ၏ ဖျားနာတတ်သည်။ အဆိုးဆုံးအခြေအနေ၌ လေဖြတ်တတ်

**အပူဒဏ်ခံနိုင်ရန် ဆေးဖက်ဝင်ရေချိုးနည်း**

အပူဒဏ်ခံနိုင်စေရန် ဆေးဖက်ဝင်ရေချိုးနည်း အဆင့်ဆင့်ကို အောက်ပါအတိုင်း အကြံပြုလိုပါသည်။

- အရိပ်ထဲတွင် ရေချိုးပါ။

## ပေါက်ပေါက်

- ဦးစွာ သောက်ရေတစ်ဖန်ခွက်အပြည့် သောက်ပါ။
- ပြီးနောက် ဦးနှောက်ထဲရှိ အပူထိန်းအာရုံကြောစနစ်များ ဖြစ်ကြသည့် (၁) ခြေထောက်အောက်ပိုင်း၊ (၂) လက်ဖျား၊ (၃) လက်မောင်းများ စသည့် သုံးနေရာကို ကြိုတင်အသိပေးသည့်အနေဖြင့် ရေဆွတ်ပက်ဖျန်းပေးပါ။
- ပြီးနောက် မျက်နှာသစ်ပါ။
- တစ်ဆက်တည်းမှာပင် လည်ကုပ် (ကုပ်ပိုး)နှင့် လည်ပင်းတို့ကို ရေနှင့် ပက်ပေးပါ။
- ပြီးမှ ရေလောင်းချိုးပါ။
- ရေချိုးပြီးမှ သွားတိုက်ပါ။
- အလွန်အေးစိမ့်သော ရေကိုမချိုးရ။
- ရေချိုးပြီးခါစဖြစ်သော်လည်း နွေရာသီ၌ ချွေးထွက်တတ်သည်။ ရေချိုးပြီးခါစ ပန်ကာလေ မခံပါနှင့်။
- ရေချိုးပြီးနောက် ရေခြောက်အောင် သုတ်ပါ။
- သနပ်ခါးရေကျဲကို နေ့စဉ် မှန်မှန်လိမ်းပေးပါ။

**မှတ်ချက်**

ရေချိုးသောအခါ ဖြန်းခနဲ တစ်ရှိန်တည်း ရေကို လောင်းချိုးခြင်းမပြုပါနှင့်။ ၎င်းနည်းက ကိုယ်အငွေ့အပြင်သို့ မထွက်တော့ဘဲ အပူငုပ်ပြီး ရောဂါရတတ်သည်။ ပူပြင်းသောရာသီ၌ ရေချိုးကြာမြင့်ချိန်သည် အနည်းဆုံး ခုနစ်မိနစ်မှ အများဆုံး ၁၁ မိနစ်ခန့် ဖြစ်သင့်ပါသည်။ မြစ်၊ ချောင်းများ၌ ရေချိုးသူများသည် တစ်ခါတည်း မြစ်၊ ချောင်းထဲသို့ ခုန်မချဘဲ ရေဖြင့် ကိုယ်လက်တို့ကို ပွတ်သပ်ပြီးမှ ရေထဲသို့ ဆင်းပါ။ နေပူကျဲကျဲအချိန်၊ ဖျားနာနေချိန်၊ နေပူထဲက ပြန်ရောက်ခါစအချိန်၊ အလုပ်သိမ်းခါစ မောပန်းနွမ်းနယ်ချိန် သို့မဟုတ် အားကစားလုပ်ပြီးပြီးချင်း ချွေးထွက်များချိန်၊ ခရီးရောက်မဆိုက်အချိန် စသည့် အချိန်များတွင် ရေချိုးပါက အဆုတ်နာရောဂါ၊ မျက်စိမှုန်ဝေခြင်း၊ မျက်စိနာခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ နားပင်းရောဂါနှင့် လေဖြတ်လေငန်းရောဂါများကို ဖြစ်စေတတ်သည်။

အချုပ်အားဖြင့်ဆိုသော် အနာရောဂါကင်းဝေးပြီး သက်တမ်းစေ့နေလိုသူများအတွက် ရေချိုးရာတွင် စနစ်တကျ မှန်ကန်ဖို့လိုပါသည်။ နွေရာသီ ရေချိုးမှားတတ်သူများ၊ အပူလေသင်တုန်း (Heat Stroke) ဖြစ်လွယ်သော သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအတွက် ယခုနှစ်နွေရာသီတွင် အပူဒဏ်ခံနိုင်ရန် ဆေးဖက်ဝင်ရေချိုးနည်းအတိုင်း ရေချိုးသင့်ပါသည်။ ဤနည်းက ခန္ဓာကိုယ်ကြီး တစ်ခုလုံးကို တဖြည်းဖြည်း အေးမြစေခြင်းမျိုးဖြင့် အပူမလျှပ်စေသည့် ရေချိုးနည်းဖြစ်ပါသည်။ အထူးသတိပြုရန်မှာ မည်သည့်ရာသီဥတုမဆို အလွန်အေးသောရေနှင့် အလွန်ပူနွေးသောရေတို့ကို မချိုးပါနှင့်။ ရေမချိုးမီ ရေတစ်ခွက်ကြိုတင်သောက်ထားသင့်ပြီး ရေလောင်းမချိုးခင်တွင်လည်း ဆီးအရင်သွားထားဖို့ လိုအပ်သည်။ ရေမချိုးမီ ခြေဖဝါးကို ဆားပွတ်ခြင်းက အလွန်ကောင်းမွန်သောအလေ့အထ ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

# ပညာရေးဒီဂရီကောလိပ်များရှိ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများကို မေ ၁၂ ရက်တွင် စတင်ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**ကြေညာချက်**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၊ ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များ၌ အောက်ဖော်ပြပါ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများကို (၁၂-၅-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည် -

**(က) အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်ကောလိပ်များ**

(၁) ၂၀၁၉-၂၀၂၀ ပညာသင်နှစ် - ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် ဂုဏ်ထူးတန်း ပထမနှစ်သင်တန်းများ

(၂) ၂၀၂၁-၂၀၂၂ ပညာသင်နှစ် - ပဋ္ဌမနှစ် ဥပဒေပညာ၊ ပဋ္ဌမနှစ် ပညာရေးနှင့် ဂုဏ်ထူးတန်း တတိယနှစ်သင်တန်းများ(ဖွင့်လှစ်ဆဲ)

(၃) ၂၀၂၁-၂၀၂၂ပညာသင်နှစ်-မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာဘွဲ့သင်တန်းများ (ဖွင့်လှစ်ဆဲ)

(၄) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် - ပထမနှစ်သင်တန်းများ (၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ)

**(ခ) ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များ**

(၁) ၂၀၁၉-၂၀၂၀ ပညာသင်နှစ် - ပထမနှစ် သင်တန်းများ

(၂) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် - ပထမနှစ်သင်တန်းများ (၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ)

**(ဂ) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ်သင်တန်းများအတွက် ကျောင်းအပ်လက်ခံခြင်းကို (၁၈-၄-၂၀၂၂) ရက်နေ့မှစတင်လက်ခံမည်ဖြစ်ပါသည်။**

**ပညာရေးဝန်ကြီးဌာန**

## အခြေခံပညာကျောင်းများတွင် အထက်တန်းပြ ဆရာ ဆရာမ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် B.Ed အဝေးသင်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ကာ စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၁**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန တိုင်းဒေသကြီး/ ပြည်နယ် ပညာရေးမှူးများနှင့် ခရိုင်ပညာရေးမှူးများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပညာသင်နှစ် တစ်နှစ် အောင်မြင်စွာပြီးမြောက်ခဲ့ပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲကိုလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြသော ဝန်ကြီးဌာနများနှင့် ပညာရေးဝန်ထမ်းများကို ကျေးဇူးအထူးတင်ရှိကြောင်း၊ ယခု အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ကြသည့် တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများနှင့် ခရိုင်ပညာရေးမှူးများအနေဖြင့် မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများအတွက် ဆင့်ပွားသင်တန်းများ ဖွင့်လှစ်၍ ဆွေးနွေးပွဲများ ကျင်းပကြစေလိုကြောင်း၊ အခြေခံပညာကျောင်းများမှ ကျောင်းသားလူငယ်များကိုလည်း လိမ္မာယဉ်ကျေးအောင်၊ လူကြီးမိဘများကို ရိုသေလေးစားတတ်အောင်နှင့် တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ် ပိုမိုရှင်သန်လာစေရေးနှင့်ပတ်သက်၍ သင်ကြားပေးနိုင်မည့် နည်းလမ်းများကိုပါ ထည့်သွင်းဆွေးနွေးကြစေလိုကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ပညာရေးအဆင့်အတန်း မြင့်မားရေးအတွက် အမြဲမပြတ် လမ်းညွှန်ပေးလျက်ရှိကြောင်း၊ အခြေခံပညာကျောင်းများတွင် အထက်တန်းပြ ဆရာ ဆရာမ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် B.Ed အဝေးသင်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ကာ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုစီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲသည် တက်ရောက်လာကြသူများအားလုံး စီမံအုပ်ချုပ်မှုလုပ်ငန်းများတွင် ထူးချွန်ထက်မြက်လာစေရန်၊ မသိရှိသေးသည်များကို သိရှိလာစေရန်နှင့် မေ့လျော့နေသည်များကိုလည်း ပြန်လည်မှတ်မိလာစေရန် ဆောင်ရွက်ရခြင်းဖြစ်ကြောင်းနှင့် တက်ရောက်လာသူများအနေဖြင့် သင်တန်းကာလအတွင်း ထိရောက်သော ဆွေးနွေးမှုများကို ပြုလုပ်ကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပကာ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေး၊ ပညာ/ကြီးကြပ်အကဲဖြတ်နှင့် စာရင်းအင်း/မူဝါဒ ဘာသာရပ်များကို ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## လောက်ကိုင်မြို့၌ သင်ရိုးသစ် Grade-5 ဗဟိုအဆင့်နည်းပြ (TOT) အွန်လိုင်းသင်တန်း ဖွင့်လှစ်ပို့ချ

**လောက်ကိုင် ဧပြီ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း



ခန်းမ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် သင်ရိုးသစ် Grade-5 ဗဟိုအဆင့်နည်းပြ (TOT) အွန်လိုင်းသင်တန်းကို ဧပြီ ၂၀ ရက်မှ စတင်ဖွင့်လှစ်လျက်ရှိပြီး သင်တန်းတွင် လောက်ကိုင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၁၂ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ သင်တန်းတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ကာယပညာစသည့် ဘာသာရပ်များကို ပို့ချလျက်ရှိသည်။ သင်တန်းကာလမှာ ဧပြီ ၂၀ ရက် မှ ၂၅ ရက်အထိဖြစ်ပြီး သင်ရိုးသစ် Grade-5 ဗဟိုအဆင့်နည်းပြ (TOT) သင်တန်းကို အွန်လိုင်းစနစ်ဖြင့် ပို့ချလျက်ရှိကြောင်း သိရသည်။

ယခုတက်ရောက်သော ဆရာ ဆရာမ ၁၂ ဦးတို့က လောက်ကိုင်မြို့နယ်အတွင်းရှိ မူလတန်းပြ ဆရာ ဆရာမ ၁၈၇ ဦးအား မေ ၁၀ ရက်မှ ၁၃ ရက်အထိ ပြန်လည်ပို့ချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဦးမြင့်အောင်ထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မရမ်းကုန်းမြို့နယ်၌ သင်ရိုးသစ် Grade - 5 ဗဟိုအဆင့် နည်းပြ (TOT) အွန်လိုင်းသင်တန်း ဖွင့်လှစ်ပို့ချ

**မရမ်းကုန်း ဧပြီ ၂၁**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် သင်ရိုးသစ် Grade - 5 ဗဟိုအဆင့်နည်းပြ(TOT) အွန်လိုင်းသင်တန်းကို ဧပြီ ၂၀ ရက် နံနက် ၉ နာရီမှ စတင်၍ အခြေခံပညာဦးစီးဌာန နေပြည်တော်က တစ်နိုင်ငံလုံး တစ်ပြိုင်နက်ဖွင့်လှစ်ခဲ့ရာ မရမ်းကုန်းမြို့နယ် အခြေခံပညာကျောင်းများရှိ ဆရာ ဆရာမ ၁၇ ဦးက အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ အွန်လိုင်းစနစ်ဖြင့် တက်ရောက်သင်ကြားလျက်ရှိသည်။

သင်တန်းတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ စာရိတ္တ၊ ပြည်သူ့နီတိနှင့် ကာယပညာရပ်များကို ဧပြီ ၂၀ ရက်မှ ၂၅ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းပြီးမြောက်ပါက မြို့နယ်အတွင်းရှိ ဘာသာရပ်သင် ဆရာ ဆရာမများအား ဆင့်ပွားသင်တန်းများ ဆက်လက်ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးအောင်(ပြန်/ဆက်)**

## မော်ဘီမြို့နယ်၌ သင်ရိုးသစ် Grade - 5 ဗဟိုအဆင့် နည်းပြသင်တန်းဖွင့်လှစ်ပို့ချ

**မော်ဘီ ဧပြီ ၂၁**

ပညာရေးဝန်ကြီးဌာန မော်ဘီမြို့နယ် ပညာရေးမှူးရုံးမှ Grade - 5 (သင်ရိုးသစ်) ဗဟိုအဆင့် နည်းပြသင်တန်း အွန်လိုင်းစနစ်ဖြင့် သင်ကြားပို့ချခြင်းကို ရန်ကုန်မြောက်ပိုင်းခရိုင် မော်ဘီမြို့နယ် ပညာရေးမှူးရုံးခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ဆရာ ဆရာမ စုစုပေါင်း ၄၄ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။

သင်တန်းတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ စာရိတ္တ၊ ပြည်သူ့နီတိနှင့် ကာယပညာဘာသာရပ်တို့ကို ဧပြီ ၂၅ ရက်အထိ ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းပြီး



မြောက်ပါက ဆင့်ပွားသင်တန်းများ ဆက်လက်ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

# အဆောက်အဦ၊ လမ်း၊ တံတားနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စာရင်းကိုင်(၄) မွမ်းမံသင်တန်း (၁/၂၀၂၂) နှင့် စာရင်းကိုင်(၄) အလုပ်ခွင်ဝင်သင်တန်း (၁/၂၀၂၂) ဖွင့်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၂၁

ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေး၊ လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရန်နှင့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ၊ လမ်း၊ တံတားနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စာရင်းကိုင်(၄) မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၂)နှင့် စာရင်းကိုင်(၄) အလုပ်ခွင်ဝင် သင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ် - ၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက ၂၀၂၂ ခုနှစ် မြန်မာနှစ်သစ် ဘဏ္ဍာနှစ်အစမှာ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပထမဦးဆုံးဖွင့်လှစ်သည့် သင်တန်းအမှတ်စဉ် (၁/၂၀၂၂) များဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိကျရာလုပ်ငန်း တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် အထူးလိုအပ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်နှင့်အညီ တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုသင်တန်းတွင် လုပ်ငန်းကျွမ်းကျင်ပြီး အတွေ့အကြုံရင့်ကျက်သည့် သင်တန်းနည်းပြ ဆရာများ၏ ကျစ်လျစ်ထိရောက်သည့် သင်ကြားပို့ချမှုကို မိမိတို့တာဝန်ယူဆောင်ရွက်သော ဦးစီးဌာန လုပ်ငန်းခွင်တွင် ဘဏ္ဍာရေးအတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး မိမိတို့၏ အရည်အချင်းနှင့် စွမ်းဆောင်ရည်မြင့်မားစေရန် ကိုယ်တိုင်မြှင့်တင်ရမည်ဖြစ်ကြောင်း။

ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းတာဝန်များကို အခြေခံစာရင်းပြုစု ဌာနများမှ တာဝန်ခံစာရင်းကိုင်များ သိရှိလိုက်နာ ဆောင်ရွက်ရန်လိုအပ်သည့်ဌာနတွင်း လက်တွေ့ဆောင်ရွက်ရာတွင် တွေ့ကြုံရမည့်အခက်အခဲများနှင့် ဖြေရှင်းရမည့် နည်းလမ်းများ၊ ဘဏ္ဍာရေး စည်းမျဉ်း၊ စာရင်းကိုင်ပညာ၊ စာရင်းစစ်ဆေးခြင်း၊ စာရင်းများထားခြင်း၊ အခွန်ဥပဒေဘာသာရပ်၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများ၊ ရုံးစာရေးသားနည်းများကို ကျွမ်းကျင်သင်တန်းဆရာများက သင်ကြားပို့ချပေးမည်ဖြစ်သည့်အတွက် တတ်မြောက်အောင် ကြိုးစားမှတ်သား သင်ယူကြရန် အထူးမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် လမ်းဦးစီးဌာန၊ ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ )သင်တန်းကျောင်းအုပ်ကြီးနှင့် အင်ဂျင်နီယာချုပ်များက ဗဟိုဝန်ထမ်းတက္ကသိုလ်များ၏ သင်တန်းအတွေ့အကြုံများ၊ သင်တန်းသားများ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများနှင့် လက်ရှိသင်တန်းဖွင့်လှစ်ပို့ချရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီး ဦးမင်းထိန်းက ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးနှင့် ကျွမ်းကျင်မှုရှိစေရေး ကြိုးစားကြရန် ဖြည့်စွက်မှာကြားသည်။

ယနေ့ဖွင့်လှစ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ၊ လမ်း၊ တံတားနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ စာရင်းကိုင်(၄) မွမ်းမံသင်တန်းသို့ သင်တန်းသား ၁၄ ဦး တက်ရောက်ပြီး သင်တန်းကာလကို ဧပြီ ၂၁ ရက်မှ မေ ၄ ရက်အထိလည်းကောင်း၊ စာရင်းကိုင်(၄) အလုပ်ခွင်ဝင်သင်တန်းကို သင်တန်းသား ၉၂ ဦး တက်ရောက်ပြီး သင်တန်းကာလကို ဧပြီ ၂၁ ရက်မှ မေ ၁၈ ရက်အထိ လည်းကောင်း ဖွင့်လှစ်ပို့ချ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံး အဖွဲ့အကြီးအကဲ H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ယနေ့နံနက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အာဆီယံဥက္ကဋ္ဌ၏အထူးကိုယ်စားလှယ်ရုံးအဖွဲ့အကြီးအကဲဖြစ်သူ H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အာဆီယံက မြန်မာနိုင်ငံသို့ ပေးအပ်မည့် လူသားချင်းစာနာမှုအကူအညီများ လက်ခံရယူရေး (Phase 2) နှင့်စပ်လျဉ်း၍ အာဆီယံဥက္ကဋ္ဌဖြစ်သူ ကမ္ဘောဒီးယားနိုင်ငံက မေလတွင် ကျင်းပမည့် ညှိနှိုင်းအစည်းအဝေးဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံအမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ဆောင်ရွက်နေသည့် လူသားချင်းစာနာမှု အကူအညီပေးရေးလုပ်ငန်းရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# အားလုံးအတွက် အဟန့်အတားမဲ့ခရီးသွား အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ




နေပြည်တော် ဧပြီ ၂၁

အားလုံးအတွက် အဟန့်အတားမဲ့ခရီးသွား အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူများအတွက် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လူ့အခွင့်အရေးစံနှုန်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မသန်စွမ်းသူများအနေဖြင့် လူ့အဖွဲ့အစည်းအတွင်း ပါဝင်လှုပ်ရှားနိုင်ရေးအတွက် မသန်စွမ်းမှုအခြေအနေအလိုက် ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်းဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများကိုလည်း ဖော်ဆောင်ပေးရာရောက်ကြောင်း၊ ခရီးသွားလုပ်ငန်းတွင် မသန်စွမ်းသူများအတွက် အလွယ်တကူသွားလာနိုင်ရေး အပါအဝင် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်တို့တွင်လည်း အဆင်ပြေချောမွေ့စေရေး စီစဉ်ဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုဦးရေ ၄ ဒသမ ၅ သန်းရှိသဖြင့် ယခုကဲ့သို့ Barrier Free Tourism ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် လူမှုရေးအကျိုးအမြတ်သာမက စီးပွားရေးအကျိုးအမြတ်ပါ ရရှိနိုင်မည်ဖြစ်ကြောင်း၊ အခြားနိုင်ငံများတွင် မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ၏ လိုအပ်ချက်များကို သိရှိနိုင်ရေးအတွက် ၎င်းတို့၏ အကြံဉာဏ်များကို ရယူခြင်း၊ သုတေသနပြုလုပ်ခြင်းများ ဆောင်ရွက်ကြသည်ကို သိရှိရကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံတွင်လည်း Barrier Free Tourism အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိုကဲ့သို့ နမူနာရယူထည့်သွင်း ဆောင်ရွက်ပြီး ဆက်စပ်အဖွဲ့အစည်းများဖြင့်လည်း ပူးပေါင်းဆောင်ရွက်ပေးပါရန်နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် Barrier Free Tourism အလုပ်ရုံဆွေးနွေးပွဲကို ဦးဆောင်ကျင်းပပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က ခရီးသွားလုပ်ငန်းဟုဆိုရာတွင် လူသားတို့အနေဖြင့် ၎င်းတို့နေထိုင်ရာ မူလဒေသမှ အခြားနေရာဒေသတစ်ခုသို့ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး ရည်ရွယ်ချက်များဖြင့် သွားရောက်လည်ပတ်သည့်ကိစ္စရပ်ဖြစ်ပြီး ခရီးသွားဧည့်သည်ဟုဆိုရာတွင်လည်း တစ်နှစ်ထက် နည်းသော အချိန်ကာလအတွင်း ခရီးသွားလာခြင်းကို ဆိုလိုကြောင်း၊ ထိုမှတစ်ဆင့် ခရီးသွားဧည့်သည် အမျိုးအစားများခွဲခြားပြီး ခရီးသွားလုပ်ငန်းအမျိုးအစားများအလိုက် အဆင်ပြေစွာ သွားလာလည်ပတ်နိုင်ရေးကို ဆောင်ရွက်လာကြရာမှ နောက်ပိုင်းတွင် မသန်စွမ်းခရီးသွားများအတွက်ပါ လွယ်ကူ အဆင်ပြေစွာသွားလာနိုင်ရန် ထည့်သွင်းစဉ်းစားလာခဲ့ကြောင်း။

ယနေ့ အလုပ်ရုံဆွေးနွေးပွဲက ဆက်စပ်ဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များ၊ ခရီးသွားလုပ်ငန်းနယ်ပယ်မှ ကျွမ်းကျင်ပညာရှင်များနှင့် ဆရာ ဆရာမများပါဝင်၍ လက်တွေ့ကျကျ တွင်တွင်ကျယ်ကျယ် အကောင်အထည်ဖော်နိုင်ရေးအတွက် ကျင်းပရခြင်းဖြစ်ကြောင်း၊ ကနဦးအစီအစဉ်အဖြစ် ဟိုတယ်/ အဆောက်အအုံများတွင် မသန်စွမ်းခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးအပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးစဉ်နေရာများတွင်လည်း ဗိသုကာဆိုင်ရာ အတားအဆီးများ ဖြေလျှော့နိုင်ရန်အတွက် အစီအမံများ ထည့်သွင်းပြင်ဆင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထိုသို့ပြင်ဆင်ကြရာတွင်လည်း ယခုဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေး ကျန်းမာရေးဆိုင်ရာနှင့် ခရီးသွားကန့်သတ်ချက် အတားအဆီးများကိုလည်း သတိမူထည့်သွင်းစဉ်းစားကြရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် လွယ်ကူချောမွေ့စွာသွားလာနိုင်သော ခရီးသွားလုပ်ငန်း (Accessible Tourism) တွင် လုပ်ဆောင်သင့်သောအချက်များ ရေးဆွဲထုတ်ပြန်ထားရှိသကဲ့သို့ နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာနတို့ကလည်း မသန်စွမ်းခရီးသွားများအတွက် ဆောင်ရွက်သင့်သော အချက်များပါဝင်သည့် အစီအစဉ်များ ချမှတ်ရေးဆွဲထားပါကြောင်း၊ ထို့ကြောင့် ခရီးစဉ်ဒေသများသို့ ခရီးသွားလာရန်ခက်ခဲသူများ အဟန့်အတားမဲ့ လွယ်ကူစွာ သွားလာလည်ပတ်နိုင်ရေးအတွက် Barrier Free Tourism Pilot Project ကို ဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာနတစ်ခုတည်းသာမက ဆက်စပ်ဌာနများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ကျွမ်းကျင်ပညာရှင်များ အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်း၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦး၊ နေပြည်တော်ကောင်စီမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှိုင်မိုးမြတ်နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးနောင်နောင်ဟန်တို့က ခရီးသွားလုပ်ငန်းတွင် မသန်စွမ်းခရီးသွားများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ ဆက်သွယ်မှုဆိုင်ရာ ကြုံတွေ့ရလေ့ရှိသော အတားအဆီးများနှင့် ကန့်သတ်ချက်များ၊ အခွင့်အလမ်းနည်းပါးနေမှုများ၊ ပြုစုစောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများ၊ ပြင်ဆင်ဆောင်ရွက်သင့်သည်များကို ကဏ္ဍအလိုက် နိုင်ငံတကာလေ့လာချက်များဖြင့် ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် အဖွဲ့လေးဖွဲ့ခွဲပြီး သက်ဆိုင်ရာခေါင်းစဉ်အလိုက် အသီးသီးဆွေးနွေးကာ အဖွဲ့ကိုယ်စားလှယ်များက တင်ပြကြပြီး တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးကြကာ အဖွဲ့လိုက်ဆွေးနွေးမှုများအပေါ် သဘာပတိညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ဆွေးနွေးချက်ရလဒ်များကို အခြေခံ၍ ဆောင်ရွက်ရမည့်အချက်များကို သုံးသပ်ဖော်ထုတ်တင်ပြကာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူများကို ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၁/၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဧပြီ ၂၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းအပတ်စဉ်(၁/၂၀၂၂) အား ၂-၅-၂၀၂၂ ရက်နေ့မှ ၁၀-၆-၂၀၂၂ ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း-၀၁-၅၃၆၂၈၀
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃ လမ်း၊ ၂၅ x၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း-၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း-၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊
  ဖုန်း-၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း-၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊
  ဖုန်း-၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရှာင်)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှာင်မြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊
  ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ငါးခု ခွင့်ပြုပေးထား

**တောင်ကြီး ဧပြီ ၂၁**

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/ ၂၀၂၂)ကြိမ်မြောက် အစည်းအဝေးကို ဧပြီ ၂၁ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေးသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဝင်ရောက်လာရန်အတွက် အဓိကအခရာကျသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့်တွင်လည်း နိုင်ငံတကာနှင့် ယှဉ်ပြိုင်ပြီး ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်နေရသလို ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင်လည်း မိမိပြည်နယ်ထဲကို ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ရောက်ရှိလာရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ ပြည်နယ်အတွင်းရှိ လုပ်ငန်းရှင်များကိုလည်း ရင်းနှီးမြှုပ်နှံမှုများလုပ်နိုင်ရန် တွန်းအားပေး ကူညီဆောင်ရွက်ပေးကြရန်နှင့် ဝင်ရောက်ပြီးသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုလည်း လွယ်ကူချောမွေ့စေရန် လုပ်ငန်းများစနစ်တကျ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ အောင်အောင်မြင်မြင်ဖြစ်ရန် ဝိုင်းဝန်းထိန်းကျောင်း



ကူညီဆောင်ရွက်ပေးကြရန်နှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အောင်မြင်ကြပြီး ရရှိလာသည့် အကျိုးအမြတ်များကို ပြည်နယ်အတွင်းတွင် ထပ်မံရင်းနှီးမြှုပ်နှံကြရမည်ဖြစ်၍ ပြည်နယ်စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလေးနိုင်က ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော Unbxing Investment Facilitation Toolkit 2022 ၏ အီလက်ထရောနစ်တွေ့ဆုံခြင်းဝန်ဆောင်မှုစနစ်(DICA Online Solution – DOSo)စနစ်၊ တစ်နေရာတည်း အလုံးစုံဝန်ဆောင်မှုပေးသည့်အဖွဲ့ ( One Stop Service) ၏ စံချိန်စံညွှန်းမီလုပ်ထုံးလုပ်နည်းများ(Standard Operation Producers) Cost Of Doing Business in Myanmar Survey Report 2022 နှင့် DICA Info Android Mobile Application တို့ကို တက်ရောက်လာသူများအား ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ပြောကြားပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ငါးခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၁ သန်းကို ခွင့်ပြုပေးထားပြီး မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၃ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏအမေရိကန်ဒေါ်လာ ၆ ဒသမ ၉၀၄ သန်း အပါအဝင် ကျပ်သန်း ၃၁၆၂၀ ဒသမ ၇၅ ကို ခွင့်ပြုပေးထားခဲ့ပြီး အဆိုပါလုပ်ငန်းများမှ ရှမ်းပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် ပြည်တွင်း ၉၉၄ ဦးနှင့် ပြည်ပ ၅၃ ခုကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဝန်ထမ်းများအနေဖြင့် ပြည်သူလူထု၊ ဒေသနှင့် နိုင်ငံတော်အတွက် အကျိုးရှိအောင် ကိုယ်တိုင်ထိုးထွင်းကြံဆဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်သို့ ရောက်ရှိပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**သင်ကြားပို့ချသွားစေလို**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ပြည်သူလူထု၊ ဒေသနှင့် နိုင်ငံတော်အတွက် အကျိုးရှိအောင် ကိုယ်တိုင်ထိုးထွင်းကြံဆပြီး ဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနသုံးခု ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်ရုံးများ တိုးချဲ့ဖွင့်လှစ်ထားပြီးဖြစ်သည့်အတွက် ခရိုင်ရုံးများတွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများ၏ Capacity တိုးတက်ရေးအတွက် အထက်အရာရှိများက သင်ကြားပို့ချသွားစေလိုကြောင်း၊ သို့မှသာ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေနိုင်မည်ဖြစ်ကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် အခက်အခဲများရှိပါက တင်ပြသွားရန် ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ်



လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မြန်မာ့လက်မှုအနုပညာစင်တာ(MHC)သို့ သွားရောက်၍ အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားပြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးဝင်းအတွင်းရှိ ဌာနပိုင်အဆောက်အအုံများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေကြာဆီအကြောင်း တစေ့တစောင်း

**စောမွန်ငါး (စက်မှု)**




## ဆီအသုံးပြုမှုစတင်ခဲ့ပုံ

ဆီ (တစ်နည်းအားဖြင့်) လူများစားသုံးလျက်ရှိသည့် ဟင်းချက်ဆီ၊ စားသုံးဆီများအား တိရစ္ဆာန်၊ အပင် (သို့မဟုတ်) ဓာတုဗေဒဖြင့် ပြုပြင်ထားသည့် အဆီတို့မှ ထုတ်လုပ်ရရှိပြီး စတင်အသုံးပြုခဲ့သည့် အချိန်ကာလကို လေ့လာကြည့်ရာတွင် ဘီစီ ၂၅၀၀၀၀ ဝန်းကျင်ခန့်မှ အစပြုခဲ့ကြောင်းကို သိရှိရပါသည်။ လူသားများ မီးစတင်ထုတ်လုပ်အသုံးပြုပုံကို သိရှိခဲ့ပြီးနောက် ရှေးလူများအနေဖြင့် ၎င်းတို့ချက်နေသည့် တိရစ္ဆာန်အသားမှ သဘာဝအလျောက် အဆီများထွက်ရှိလာသည်ကို တွေ့ရှိခဲ့ခြင်းမှ ဆီအသုံးပြုမှု စတင်ခဲ့ခြင်းဖြစ်ပါသည်။ ယင်းအပြင် ချက်ပြုတ်ရန်အတွက် ကျောက်တုံး၊ ရွှံ့နှင့် အခြားသောပစ္စည်းများမှ မြေထည်ပစ္စည်းများကို ပြင်ဆင်လာကြသကဲ့သို့ တစ်ချိန်တည်းမှာပင် ရှေးလူကြီးများက တိရစ္ဆာန်မှရသည့် ဆီအပူများကို ပြာများဖြင့် ရောစပ်၍ ဆပ်ပြာအဖြစ် အသုံးပြု၍ရသည်ကို ရှာဖွေတွေ့ရှိခဲ့သည့် အချိန်လည်းဖြစ်ပေသည်။ ၁၉ ရာစုတွင် တိရစ္ဆာန်မှရသော ဆီများဖြင့် ချက်ပြုတ်စားသုံးခဲ့သည့် လူသားများအနေဖြင့် နှလုံးသွေးကြောဆိုင်ရာရောဂါဖြစ်ပွားခြင်းမှာ (အစေ့အဆန်မှရသော ဆီများအသုံးပြုချိန်မတိုင်မီထိ) မရှိသလောက် နည်းပါးသည်ကို အံ့ဖွယ်သိရှိခဲ့ရပေသည်။

သုတေသနပြုမှုများအရ လူသားတို့အနေဖြင့် ချက်ပြုတ်ရန်အတွက် ဆီအသုံးမပြုမီကပင် မီးကင်သည့် နည်းလမ်းဖြင့် စားသုံးခဲ့ကြကြောင်း လေ့လာသိရှိရပါသည်။ လွန်ခဲ့သည့် နှစ်ထောင်ပေါင်းများစွာကပင် အသားများအား မီးကင်၍ စားသုံးသည့်နည်းလမ်းမှာ ပထမဆုံးသောချက်ပြုတ်နည်းဖြစ်ကောင်းဖြစ်နိုင်ပေသည်။

လူများအနေဖြင့် ပြည့်ဝဆီ၊ အစေ့အဆန်မှ ရရှိသောအဆီ၊ ဟင်းသီးဟင်းရွက်ဆီ စသည်ဖြင့် ဆီအမျိုးမျိုးကို အသုံးပြုလျက်ရှိရာ ယနေ့ကာလအတွင်း ကျန်းမာရေးနှင့်ညီညွတ်ပြီး အများအသုံးပြုလျက်ရှိသည့် နေကြာဆီထုတ်လုပ်မှုကို လေ့လာတင်ပြလိုက်ပါသည်။

## နေကြာဆီထုတ်လုပ်မှုလုပ်ငန်းစဉ်

နေကြာစေ့မှာ ၄၅ ရာခိုင်နှုန်းမှ ၅၄ ရာခိုင်နှုန်း အဆီပါဝင်မှုရှိသည့် ဆီထွက်သီးနှံတစ်မျိုးဖြစ်ပြီး ရွှေရောင်အဆင်း၊ ကြည်လင်ပြီး အနံ့အရသာရှိသည့် နေကြာဆီမှာ လူကြိုက်များသည့် စားသုံးဆီတစ်မျိုးလည်း ဖြစ်ပါသည်။ နေကြာဆီတွင် Linoleic Acid နှင့် မရှိမဖြစ်လိုအပ်သည့် မပြည့်ဝအဆီအက်စစ် (Monounsaturated Fatty Acid–MUFA) တို့ များစွာပါဝင်ပါသည်။ နေကြာဆီသည် အသားအရေကျန်းမာမှုကို ကာကွယ်ရန်အတွက် လူ့ဆဲလ်များ ပြန်လည်ဖြစ်ပွားမှုကို မြှင့်တင်ပေးပြီး သွေးထဲရှိ ကိုလက်စထရောများ ထွက်ခြင်းကိုလည်း လျှော့ချပေးသည့် အဆင့်မြင့် အာဟာရအဆီ တစ်မျိုးပင် ဖြစ်ပါသည်။ နေကြာဆီထုတ်လုပ်သည့် အဓိက ထုတ်လုပ်မှုလုပ်ငန်းစဉ်ကို မိတ်ဆက်တင်ပြလိုပါသည်။

> ❖ နေကြာဆီသည် အသားအရေကျန်းမာမှုကို ကာကွယ်ရန်အတွက် လူ့ဆဲလ်များ ပြန်လည်ဖြစ်ပွားမှုကို မြှင့်တင်ပေးပြီး သွေးထဲရှိ ကိုလက်စထရောများထွက်ခြင်းကိုလည်း လျှော့ချပေးသည့် အဆင့်မြင့် အာဟာရအဆီတစ်မျိုးပင်ဖြစ်
>
> ❖ သို့သော် အသုံးပြုပြီးနေကြာဆီကို အကြိမ်ကြိမ် အဖန်ဖန် ထပ်ခါတလဲ အသုံးပြုမည်ဆိုပါက ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်

## နေကြာစေ့များအား Pretreatment နှင့် Pre–Pressing ဆောင်ရွက်ခြင်းကဏ္ဍ

နေကြာစေ့သည် အဆီပါဝင်မှု မြင့်မားသဖြင့် နေကြာဆီပြုလုပ်ရန်အတွက် Pre–Pressing ကဏ္ဍမှာ မရှိမဖြစ်လိုအပ်ပါသည်။ စက်ပစ္စည်းများဖြင့်နေကြာစေ့များကို အကောင်းဆုံး အခြေအနေရအောင် ချိန်ညှိပြီးနောက် နေကြာဆီ စစ်ထုတ်သည့်အပိုင်းသို့ ရောက်ရှိရန်အတွက် Pre–Pressing ဆောင်ရွက်ရခြင်းပင် ဖြစ်ပါသည်။ နေကြာစေ့များကို သန့်စင်၍ အခွံချွတ်ခြင်း၊ အစေ့အဆန်နှင့် အခွံကွဲပြားအောင် ဆောင်ရွက်ခြင်း၊ အဆင်သင့်ချက်နိုင်သည့် အနေအထားဖြစ်စေရန် Flaking ပြုလုပ်ခြင်း၊ ချက်ပြုတ်ခြင်းတို့ ဆောင်ရွက်ပြီးနောက် Pre–Pressing အဆင့်ကို ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

## နေကြာဆီ စစ်ထုတ်သည့်ကဏ္ဍ

နေကြာဆီစစ်ထုတ်သည့် ကဏ္ဍအနေဖြင့် Pre–Pressing ဆောင်ရွက်ပြီးနောက် ရရှိလာသည့် နေကြာစေ့ကြိတ်ဖတ် (Sunflower Seeds Cakes) များမှ အဆီအများဆုံး ထုတ်ယူရာတွင် အသုံးပြုခြင်းဖြစ်ပါသည်။ စစ်ထုတ်ယူသည့်စက်များ ကောင်းမွန်သည့် အလျောက် ကြိတ်ဖတ်များတွင် တစ်ရာခိုင်နှုန်းနှင့်အောက် ကျန်သည်အထိ ထုတ်ယူနိုင်ပါသည်။

## နေကြာဆီသန့်စင်သည့်ကဏ္ဍ

အဆီညှစ်ထုတ်ကာ အဆင့်ဆင့် ဆောင်ရွက်လာပြီး ရရှိလာသည့် သန့်စင်ခြင်းမရှိသေးသော သဘာဝနေကြာဆီကို Refiner ဖြင့် ပရိုတင်း၊ ဖော့စဖိုလစ်ပဒ်၊ ဆိုးဆေးအရောင်ဓာတ်၊ ဖယောင်း စသည့်အန္တရာယ်ရှိ အညစ်အကြေးများ၊ အသုံးမဝင်သည့် ပါဝင်ပစ္စည်းများနှင့် အခြားသော အညစ်အကြေးများကို ဖယ်ထုတ်ကာ အစားအသောက်နှင့် သိမ်းဆည်း၍ရနိုင်သည့် စံနှုန်းအထိ ရောက်ရှိအောင် သန့်စင်ပေးပါသည်။

**နိဂုံး**

အချုပ်ဆိုရသော် သန့်စင်ပြီး နေကြာဆီမှ ကိုလက်စထရောထွက်ရှိမှုကို လျှော့ချပေးနိုင်သဖြင့် နှလုံးကျန်းမာရေးကို တိုးတက်စေခြင်း၊ အသားအရေဆံသားကျန်းမာရေးကို ကောင်းမွန်ပြီး ကိုယ်ခံအားစနစ်ကို တိုးတက်စေခြင်း၊ အဆစ်ရောင်ခြင်းနှင့် ပန်းနာရင်ကျပ်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်းကို လေ့လာတွေ့ရှိရပါသည်။ သို့သော် အသုံးပြုပြီး နေကြာဆီကို အကြိမ်ကြိမ် အဖန်ဖန် ထပ်ခါတလဲ အသုံးပြုမည်ဆိုပါက ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်သည်ကိုလည်း လေ့လာသိရှိရပါသည်။ သို့ဖြစ်၍ တန်ဆေးလွန်ဘေးဆိုသည့်အတိုင်း သင့်တင့်လျောက်ပတ်စွာ စားသုံးခြင်းဖြင့် မိမိ၏ကျန်းမာရေး၊ မိသားစုများ၏ ကျန်းမာရေးကို အသိ၊ သတိဖြင့် ကာကွယ်စောင့်ရှောက်ကာ သက်ရှည်ကျန်းမာစွာ နေထိုင်သင့်ပါသည်။ ။

**ကိုးကားနှင့် ဓာတ်ပုံ – Internet**



## အာဖဂန်နစ္စတန်နိုင်ငံရှိ စာသင်ကျောင်းများ အကြမ်းဖက်တိုက်ခိုက်ခံရမှုအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီရှုတ်ချ

ကုလသမဂ္ဂ ဧပြီ ၂၁

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ ဒတ်အီဘာချီဒေသရှိ စာသင်ကျောင်းနှင့် ပညာရေးစင်တာအား အကြမ်းဖက်သမားများက တိုက်ခိုက်ခဲ့ခြင်းအပေါ် ပြင်းထန်စွာရှုတ်ချလိုက်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက ယမန်နေ့တွင် ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုဖြစ်စဉ်အတွင်း ကျောင်းသားအများအပြားထိခိုက်သေဆုံးမှုရှိခဲ့ကြောင်း သိရသည်။

အာဖဂန်နိုင်ငံသားများသည် ပညာသင်ကြားရန်အခွင့်အရေး အပြည့်အဝရှိကြောင်းနှင့် နိုင်ငံတည်ငြိမ်ရေးနှင့်လုံခြုံရေးအတွက် အာဖဂန်နိုင်ငံသားများပူးပေါင်းဆောင်ရွက်ကြရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက တိုက်တွန်းခဲ့သည်။ ယခုကဲ့သို့ စာသင်ကျောင်းများအား အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းအတွက် အာဖဂန်နိုင်ငံရှိ ကျောင်းသားများ၏ လုံခြုံရေးနှင့် ပညာသင်ယူမှုဆိုင်ရာ အခွင့်အရေးများ ထိခိုက်လာမည့်အရေးကို များစွာစိုးရိမ်ပူပန်ကြောင်း လုံခြုံရေးကောင်စီက ပြောကြားသည်။ ယခုကဲ့သို့သော အကြမ်းဖက်တိုက်ခိုက်မှုများကို စီစဉ်ဆောင်ရွက်သူများ ရှာဖွေဖော်ထုတ်ရေးတွင် နိုင်ငံအများအပြား ပူးပေါင်းဆောင်ရွက်ကြရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက တိုက်တွန်းခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

■





## ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၀၂၉ ဦး ထပ်မံတွေ့ရှိ

ဟနွိုင်း ဧပြီ ၂၁

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၀၂၉ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

သို့သော် အဆိုပါအရေအတွက်သည် ဧပြီ ၁၉ ရက်တွင်တွေ့ရှိသည့် ရောဂါကူးစက်ခံရသူ အရေအတွက်ထက် ၁၂၄၂ ဦး ပိုမိုလျော့နည်းသွားကြောင်း သိရသည်။

ထပ်မံကူးစက်ခံရသူအားလုံးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်ပြီး ဗီယက်နမ်နိုင်ငံမြို့တော် ဟနွိုင်း၌ ၉၈၆ ဦး၊ ဖူသိုခရိုင်၌ ၈၃၆ ဦးနှင့် ကွမ်နန်ခရိုင်၌ ၅၅၀ တို့ အသီးသီးတွေ့ရှိရသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၀၅၃၃၁၆၄ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၂၉၈၂ ဦးရှိပြီဖြစ်သည်။

ထို့ပြင် ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၉၀၇၆၉၂၇ ဦးရှိ၍ ရောဂါကူးစက်ခံရသူအားလုံး၏ ၈၆ ရာခိုင်နှုန်းရှိသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၂၁၀ ဒသမ ၆ သန်းနီးပါး သုံးစွဲခဲ့ပြီး အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကာကွယ်ဆေးအလုံးရေ ၁၉၃ ဒသမ ၂ သန်းထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၀၈၆၇ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် ဧပြီ ၂၁

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၀၈၆၇ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၆၇၄၀၄၅ ဦး ရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

### ပြန်လည်ကျဆင်းလာခဲ့

နိုင်ငံအတွင်း မတ်လက အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်နှင့် ဘီအေ-၂ အမျိုးအစား ဗီဇပြောင်းဗိုင်းရပ်စ်များ ကူးစက်ပျံ့နှံ့မှု မြင့်တက်လာခဲ့ပြီးနောက် ရောဂါထိန်းချုပ်ရေးကို ဆောင်ရွက်ခဲ့သဖြင့် နေ့စဉ်ကူးစက်မှုများ ပြန်လည်ကျဆင်းလာခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပြည်ပမှပြန်လည်ရောက်ရှိလာသူ ၃၁၆၆ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း သိရသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ၁၄၇ ဦး ထပ်မံသေဆုံးသဖြင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၁၆၆၇ ဦးရှိလာသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးစီးသူ ၄၄၅၃၀၄၂၅ ဦးရှိပြီး အပိုဆောင်းကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးသူ ၃၃၀၃၃၇၂၂ ဦးရှိသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ






## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၈၀ ထပ်မံတွေ့ရှိ

နယူးဒေလီ ဧပြီ ၂၁

အိန္ဒိယနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၈၀ ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၃၀၄၉၉၇၄ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ၅၆ ဦးထပ်မံသေဆုံးသဖြင့် အဆိုပါရောဂါကြောင့် သေဆုံးသူ ၅၂၂၀၆၂ ဦးရှိလာသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိဆဲလူနာ ၁၃၄၃၃ ဦးရှိပြီး ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၂၅၁၄၄၇၉ ဦးရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

■

## ဂျပန်ဆေးဝါးကုမ္ပဏီက အသက်ငါးနှစ်အောက်ကလေးငယ်များအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လက်တွေ့စမ်းသပ်မည်

တိုကျို ဧပြီ ၂၁

ဂျပန်နိုင်ငံရှိ KM Biologics ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီသည် အသက်ငါးနှစ်အောက် ကလေးငယ်များအသုံးပြုရန် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ယခုလအတွင်း လက်တွေ့စမ်းသပ်သွားမည်ဖြစ်ကြောင်း သိရသည်။

### ခွင့်ပြုချက်တောင်းခံသွားမည်ဖြစ်

ယင်းကာကွယ်ဆေးကို လူပေါင်း ၆၀၀ နှင့် လက်တွေ့စမ်းသပ်သွားမည်ဖြစ်ပြီး ထိုးနှံမှုခံယူမည့်သူများအား အဆိုပါကာကွယ်ဆေးအလုံးရေမည်မျှထိုးနှံပေးရန် လိုအပ်ကြောင်းနှင့် ကာကွယ်ဆေး၏ ဆေးဝါးဆိုင်ရာ အစွမ်းထက်ထိရောက်မှုမည်မျှရှိကြောင်း စသည့်အချက်အလက်များကို သိရှိနိုင်ရန် လက်တွေ့စမ်းသပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်အတွင်း အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား နိုင်ငံအတွင်းရှိ အသက်ခြောက်လနှင့်အထက် ကလေးငယ်များအား စတင်ထိုးနှံပေးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ ခွင့်ပြုချက်တောင်းခံသွားမည်ဖြစ်ကြောင်း အဆိုပါဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီက ပြောကြားသည်။

ဂျပန်နိုင်ငံ၌ အနည်းဆုံးအသက်ငါးနှစ်အရွယ် ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန် သတ်မှတ်ထားသည်။ အဆိုပါ ကုမ္ပဏီသည် အသက် ၁၈ နှစ်နှင့်အထက်ရှိသူများအား ထိုးနှံပေးနိုင်မည့် အခြားကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်မျိုးကိုလည်း လက်တွေ့စမ်းသပ်နေကြောင်း သိရသည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်း အသက်ငါးနှစ်အောက်အရွယ်ရှိ ကလေးငယ်များအား ထိုးနှံပေးနိုင်မည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်ရန် မိမိတို့ဆောင်ရွက်နေကြောင်း အဆိုပါဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီမှ တာဝန်ရှိသူ နာဂါဆာတိုတိုရှီအေကီက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - စိုးသူရ

# တရားမဝင် သစ်မျိုးစုံ၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ် သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂၁

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပြည်နယ်သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ကုတ်မြို့နယ်နှင့် ဂွမြို့နယ်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၆ ဒသမ ၁၈၂၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၂ ၇၉၆)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧပြီ ၁၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(သီလဝါ)၌ တာဝန်ကျအကောက်ခွန်အဖွဲ့က ဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အလှကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၁၆၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧပြီ ၁၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လှည်းကူးမြို့နယ်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကျောက်အိုင်ကျေးရွာလမ်း မိုင်တိုင်အမှတ်(၀/၃)အနီး၌ တရားမဝင် ကျွန်းပါကေး အကြမ်းတုံး (သုည ဒသမ ၆၃၇၆)တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၂၈၀၀)နှင့် အဆိုပါ သစ်များတင်ဆောင်လာသည့် ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၁၉၁၂၈၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဧပြီ ၁၉ ရက်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော Photo Album မျိုးစုံနှင့် ရက်ကန်းအထည်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၃၃၄၀၀) အားလည်းကောင်း၊ ဧပြီ ၂၀ ရက်တွင် သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် လျှပ်စစ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၈၀၀၀၀၀)ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်မြို့အတွင်း၌ သိမ်းဆည်းရမိသည့် တရားမဝင်သစ်များကို တွေ့ရစဉ်။

၎င်းအပြင် ဧပြီ ၂၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း တရားမဝင် ကျွန်းသစ်ခွဲသား (၃ ဒသမ ၀၄၈၂)တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၄၄၆၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၁၇ ရက်၊ ၁၈ ရက်၊ ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၃၆၉၃၆) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အင်းတော်မြို့နယ်၌ ငွေကျပ်သိန်း ၅၉၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂၁

အင်းတော်မြို့နယ်၌ ငွေကျပ် သိန်း ၅၉၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၀ ရက် ညနေ ၄ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ကြာအင်းကျေးရွာအနီး ရွှေဘို-မြစ်ကြီးနားသွား ကားလမ်းတွင် မန္တလေးမှ မိုးညှင်းဘက်သို့ ချမ်းသာမောင်းနှင်လာသော ၁၂ ဘီးယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ငွေကျပ်သိန်း ၅၉၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၈၃၀၀၊ ဘိန်းဖြူ ၁၂ ဒသမ ၄၇၄ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို မန္တလေးတိုင်းဒေသကြီးမှ ကချင်ပြည်နယ်သို့ သယ်ဆောင်ခြင်း



ချမ်းသာအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဘားအံ၊ စစ်တွေ၊ လောက်ကိုင်နှင့် ကလေးမြို့နယ်များ၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂၁

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဧပြီ ၂၀ ရက် ညနေ ၆နာရီတွင် ဘားအံမြို့နယ် ကော့ထမ္မလိန်းကျေးရွာအုပ်စု ပိုင်ရန်းကျေးရွာအနီး နောင်လုံ-ပိုင်ရန်းသွားကားလမ်းတွင် လင်းလင်းပိုင်(ခ)ချမ်းမင်းနိုင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ ထိုနေ့ ညနေ ၆နာရီခွဲခန့်တွင် စစ်တွေမြို့ ကျောင်းကြီးလမ်းရပ်ကွက် သာဘန်းလမ်း အိမ်အမှတ် (၃၈၄)နေ ကျော်နိုင်(ခ)မာမတ်ဟာရှင်(ခ)ကလေးရား၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၃၅ နှင့် ဆေးခြောက် သုည ဒသမ ၁၈ ကီလိုတို့ကို လည်းကောင်း၊ ယင်းနေ့ ညနေ ၆ နာရီတွင် လောက်ကိုင်မြို့နယ် ရွှေယင်စီးကျေးရွာအုပ်စု ပြည်ထောင်စုကျေးရွာနေ လီလောက်ဖုန်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ နှင့် ဘိန်းဖြူ သုည ဒသမ ၁၂ ကီလိုတို့ကိုလည်းကောင်း။

ဧပြီ ၂၀ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ကလေးမြို့နယ် အောင်ပန်းမြို့ လွယ်မောကျေးရွာအုပ်စု လွယ်မောကျေးရွာနေ မိုးကျော်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ၊ ဘိန်းစိမ်း သုည ဒသမ ၃ ကီလိုနှင့် ဆေးခြောက် ၁ ဒသမ ၅ ကီလိုတို့ကို သိမ်းဆည်း ရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၄-၂၀၂၂ သောကြာနေ့

### MRTV HD

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ ခေါ်မျှော်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ဒီမိုကရေစီဆိုသည်မှာ
**၀၉:၁၀** မျက်မှောက်ရေးရာအဖြာဖြာ
**၀၉:၃၀** Road to 31st SEA Games Vietnam (Interview)
**၀၉:၄၅** Soccer View
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူမှုစီးပွားမြင်ကွင်းများ
**၁၂:၃၀** မြန်မာဇာတ်လမ်းတွဲ 'ရက်တွက်ထဲမှာဒီလိုပဲ' (အပိုင်း-၁၈)
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၂၈)
**၁၅:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း 'စိတ်ငါးစေရာ'
**၁၆:၃၅** လူငယ်မျိုးဆက်သစ်အစီအစဉ်
**၁၇:၄၀** Weekly Sports Info
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာ သီရိဂေဟာ
**၁၉:၂၀** မြန်မာဇာတ်လမ်းတွဲ 'ရက်တွက်ထဲမှာဒီလိုပဲ' (အပိုင်း-၁၉)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** ''မေတ္တာပန်းများပွင့်စေမယ်'' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
**၂၂:၀၀** ရုပ်မြင်သံကြားဇာတ်လမ်း 'After Me'

### mitv

**07:02** Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
**07:10** Gardener of Royal Thazin Floral
**07:31** Ancient Shwe-San-Taw Pagoda
**07:47** Aesthetic Painting on Pathein Umbrella
**08:01** Mekong-Lancang Cooperation: Puppet Festival- Creative Performance by Puppeteers of the People's Republic of China
**08:08** A Visit To Ye
**08:30** The Largest Nunnery In Myanmar
**09:01** News
**09:26** Global Partnership for Brighter Future: Yemen Pavilion at Expo 2020 Dubai
**09:35** Mural Painting Bagan
**09:47** Plastoleum Diesel
**10:01** Choral Dance (Duel)

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သဘာဝရဲ့လက်ဆောင်အင်းရဲကျွန်း
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ
**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၄)
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
နာခေါင်းပလွေမှုတ်
**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ရှာလွတ်ဆေးတံ
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရေချောတိုင်တက်ပွဲ
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ကျိုင်းတုံ-မိုင်းပျဉ်းကြားက ရှုမငြီးတဲ့လမ်းခရီး
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ကျိုင်းတုံဆန်ပြုတ်ချက်နည်း
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ရဝမ်ဝတ်စားဆင်ယင်ပုံအဆင့်ဆင့်
**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ပန်ပက်ကျေးရွာမှကယန်းတိုင်းရင်းသားများ
**စကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သံတောင်ဒေသလက်ဖက်စိုနှင့်လက်ဖက်ခြောက်ပြုလုပ်နည်း

### MRTV NEWS

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၁၅** Road to 31st SEA Games Vietnam (မြားပစ်)
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'သူတစ်ပါးအငယ်ငဆောင်ခြင်း'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၃)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

### MRTV FARMERS

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၃၀** ပဲမျိုးစုံတိုးတက်ထုတ်လုပ်မှုမြှင့်မားဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့
**၀၇:၁၅** ကျန်းမာရေးအတွက်ရည်ရွယ်ဓာတုကင်းလွတ်သီးနှံစိုက်ကြမယ်
**၀၈:၀၀** ကျေးလက်ကွန်ရက်
**၀၈:၂၀** စပျစ်ချိုချိုဝင်ငွေပို
**၀၉:၁၅** ဂျုံသီးနှံသရုပ်ပြနွဲ့အောင်ပန်းမြို့ကပွဲ

### MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

SCAN ME
Education Channel ကို ဝနေ့တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

**■ စစ်ကိုင်းတိုင်းဒေသကြီးမှ**

ထိုသို့ ပြုလုပ်လျက်ရှိရာ ယနေ့နံနက် ၁၁ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် သိမ်းချောင်းကျေးရွာ အနီး စစ်ကိုင်း-ရွှေဘိုကားလမ်း မိုင်တိုင်အမှတ် ၄၁ မိုင် ၁ ဖာလုံ နှင့် ၄၁ မိုင် ၂ ဖာလုံအကြား၌ PDF အကြမ်းဖက်အဖွဲ့က ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွား၍ ကိုရင်ငယ် နှစ်ပါးသေဆုံးကာ ကိုရင်ငယ်တစ်ပါး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ စစ်ကိုင်းမြို့နယ် ဆားတောင်မြို့ မြင်းကြွရပ်ကွက်နေ ရှင်ပညာနန္ဒ(ခ) ပိုင်သူချစ်(၁၃)နှစ် (ဘ)ဦးကြည်မိုး၊ ရှင်သောနန္ဒ(ခ) ဟိန်းဝေယံ(၁၁)နှစ် (ဘ)ဦးသာနောနှင့် သိမ်းချောင်းကျေးရွာနေ ရှင်ဓမ္မနန္ဒ(ခ)ဖြိုးမောင်မောင်(၁၀)နှစ် (ဘ)ဦးအောင်ငွေစိုးတို့ သည် သိမ်းချောင်းကျေးရွာအတွင်း ဆွမ်းခံ၍ ၎င်းတို့သီတင်းသုံး နေထိုင်သည့် သိမ်းချောင်းကျေးရွာရှိ စန္ဒာရုံဘုန်းတော်ကြီး ကျောင်းသို့ ခြေကျင်ပြန်လာစဉ် PDF အကြမ်းဖက်အဖွဲ့ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့ပြီး ပေါက်ကွဲ မှုကြောင့် ရှင်ဓမ္မနန္ဒ(ခ) ဖြိုးမောင်မောင်(၁၀)နှစ်နှင့် ရှင်သောနန္ဒ (ခ)ဟိန်းဝေယံ(၁၁)နှစ်တို့တွင် မိုင်းစထိမှန် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ရှင်ပညာနန္ဒ(ခ)ပိုင်သူချစ် (၁၃)နှစ်တွင် မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးကုသနိုင် ရေး စစ်ကိုင်းမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရ သည်။

ဖြစ်စဉ်တွင် သာသနာ့အနွယ်ဝင် ကိုရင်ငယ်များအား သေဆုံးထိခိုက်ဒဏ်ရာရရှိစေခဲ့သူ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံ တပ်မတော်စစ်ကြောင်းများနှင့်ပူးပေါင်း၍ လုံခြုံရေး လုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေ သော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရား များ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များ မှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေး ယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန် တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက် အမှတ်(၃၇)နေ ဝတ်ရည်နိုင်သည် ၎င်းအသုံးပြုသည့် “Wutt Yee Naing” Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် (က)ရပ်ကွက် နေ စိုးမိုးအောင်(ခ)မိုးအောင်သည် ၎င်းအသုံးသည့် “Soe Moe Aung” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက်နေ အောင်ကိုကိုသည် ၎င်းအသုံးပြုသည့် “Aung Ko Ko” Facebook အကောင့်နှင့် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာနေ ကျော်ဇင်ဦးသည် ၎င်းအသုံးပြု သည့် “Kyaw Zin Oo” Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်း ရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်း သိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်း များ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရ ယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း များပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေ နှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွား မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်းရှိ ဒေသခံ ပြည်သူများအား အိန္ဒိယအစိုးရက ပေးပို့လှူဒါန်းသည့် ဆန်နှင့် ဂျုံအိတ်တို့ ပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၂၁**

ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား အိန္ဒိယအစိုးရက ပေးပို့လှူဒါန်းသည့် ဆန်နှင့် ဂျုံအိတ်တို့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒလတပ် နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ်အေးမင်းထွေးနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ပေးအပ်လှူဒါန်း ကြသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ဆိပ်ကြီးခနောင်တိုမြို့နယ် ရပ်ကွက် ကိုးရပ်ကွက်ရှိ ဒေသခံပြည်သူ အိမ်ထောင်စု ၂၄၂၅ စုအတွက် ဆန်အိတ် ၂၄၂၅ အိတ်ကိုလည်းကောင်း၊ အိမ်ထောင်စုတစ်စုလျှင် ဂျုံတစ်ကီလိုဂရမ်နှုန်းဖြင့် အိမ်ထောင်စု ၂၄၂၅ စုအတွက် ဂျုံအိတ် ၆၀ ကိုလည်းကောင်း ပြည်သူများလက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

## ရတနာပုံဥယျာဉ်ဖွင့်ပွဲနှင့် ၂၀၂၂ ခုနှစ် မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော် မှတ်တမ်းဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး မေ ၂၁**

ရတနာပုံဥယျာဉ်ဖွင့်ပွဲနှင့်၂၀၂၂ ခုနှစ် မန္တလေးမြို့တော် မဟာ သင်္ကြန်ပွဲတော် မှတ်တမ်းဓာတ်ပုံ ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မန္တလေး မြို့တော် စည်ပင်သာယာရေး ကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။





**ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်**

အခမ်းအနားတွင် တိုင်းဒေသ ကြီးဝန်ကြီးချုပ် ဦးမောင်ကိုက ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းမှာ မင်္ဂလာတစ်ပါးဖြစ်သည်နှင့်အညီ ရတနာပုံဥယျာဉ်ဖွင့်ပွဲနှင့် မန္တလေး မြို့တော်မဟာသင်္ကြန်ပွဲတော်တွင် ဓာတ်ပုံပြိုင်ပွဲဆုရရှိသူများ၊ ဓာတ်ပုံ ပညာရှင်များနှင့် ပါဝင်ကူညီ ဆောင်ရွက် ပေးကြသူများကို ဂုဏ်ပြုချီးမြှင့်ခြင်း ဖြစ်ကြောင်း၊ ယခုနှစ် မန္တလေးမြို့တော်သင်္ကြန် ပွဲတော်ကို ရှေးဘုရင်များ လက်ထက် ယဉ်ကျေးမှုသရုပ်ဖော် မှုများဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်နှင့် ရတနာပုံဥယျာဉ်ဖွင့်ပွဲတွင် ပါဝင် ယှဉ်ပြိုင်သူများ၏ ပြိုင်ပွဲဝင် ဓာတ်ပုံများကို ရွေးချယ်ပေးခဲ့ သည့် ဒိုင်များကိုလည်း မှတ်တမ်း တင်ဂုဏ်ပြုပါကြောင်း ပြောကြား သည်။

**ပေးအပ်ခဲ့**

ဆက်လက်၍ ဓာတ်ပုံပြိုင်ပွဲ တွင် အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်သူ ကိုယ်စားလှယ် တစ်ဦးက ဆုရွေးချယ်ပုံကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသ ကြီး သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်က အကဲဖြတ်ဒိုင် အဖွဲ့အား အမှတ်တရလက်ဆောင် များ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပထမဆုရ တင်ဇာလှိုင် (ချမ်းအေးသာစံမြို့ နယ်)၊ ဒုတိယဆုရဦးတင်မောင်သွင် (မန်းချစ်သူ)၊ တတိယဆုရဇင်မင်း ထွန်းတို့ကို လည်းကောင်း၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း က နှစ်သိမ့်ဆုရ ဦးထွန်းထွန်းနိုင် (ချမ်းအေးသာစံမြို့နယ်)၊ ချစ်ရဲသူ (ပုသိမ်ကြီးမြို့နယ်)၊ ဆုမြတ် (အောင်မြေသာစံ)၊ ဦးအောင်မင်း ဦး၊ မိုးဟိန်းထွန်း(မွန်ဆွန်း)တို့ကို လည်းကောင်း ဂုဏ်ပြုချီးမြှင့်ခဲ့ ပြီး မန္တလေးဓာတ်ပုံအသင်း အတွက် ရန်ပုံငွေကျပ် ၁၀ သိန်း ကိုလှူဒါန်းကာ ဆုရရှိသူများ ဓာတ်ပုံများနှင့် ပြိုင်ပွဲဝင်များ၏ ဓာတ်ပုံများ ပြသထားမှုကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ဂုဏ်ပြုဆုငွေများဆုချီးမြှင့်ရာ တွင် ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် လေးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်း၊ နှစ်သိမ့်ဆု ငွေကျပ် နှစ်သိန်းစီနှင့် ဒိုင်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

**● လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး ●**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၆ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၁-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀-၄-၂၀၂၂) ရက်နေ့၊ ည(၈:၀၀) နာရီမှ (၂၁-၄-၂၀၂၂) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၆၅၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၆)ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၈၇၀,၈၂၂)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၂,၆၉၇)ဦးရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၁,၅၄၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း(၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့် အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

### (၂၁-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၅၄) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၈) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၄) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၀) ခု | - |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၃) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂,၀၇၈) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၃၈၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၁၉၃) ခု | (၅) ဦး |
| စုစုပေါင်း | (၁၂,၆၅၁) ခု | (၂၀) ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၂၄၈၈၅၁၇ | ၈၀၃၀၉၈၀၄ | ၁၀၁၇၀၉၃ |
| ၂။ | အိန္ဒိယ | ၄၃၀၄၉၉၇၄ | ၄၂၅၁၄၄၇၉ | ၅၂၂၀၆၂ |
| ၃။ | ဘရာဇီး | ၃၀၃၁၁၉၆၉ | ၂၉၃၄၀၈၀၂ | ၆၆၂၄၇၀ |
| ၄။ | ပြင်သစ် | ၂၇၉၇၂၀၁၀ | ၂၅၆၁၈၈၅၈ | ၁၄၄၆၁၄ |
| ၅။ | ဂျာမနီ | ၂၃၇၇၅၅၈၈ | ၂၀၈၅၃၁၀၀ | ၁၃၃၈၉၄ |
| ၆။ | ဗြိတိန် | ၂၁၈၉၀၀၃၇ | ၂၀၅၈၁၂၀၂ | ၁၇၂၃၈၆ |
| ၇။ | ရုရှား | ၁၈၁၁၀၈၆၁ | ၁၇၄၃၇၆၁၀ | ၃၇၄၃၆၈ |
| ၈။ | တောင်ကိုရီးယား | ၁၆၆၇၄၀၄၅ | စိစစ်ဆဲ | ၂၁၆၆၇ |
| ၉။ | အီတလီ | ၁၅၈၅၈၄၄၂ | ၁၄၄၈၉၄၄၄ | ၁၆၂၀၉၈ |
| ၁၀။ | တူရကီ | ၁၅၀၀၇၃၆၄ | ၁၄၇၉၈၂၉၄ | ၉၈၆၂၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၅၀၂၅၉၀ | ၉၀၆၈၂၃၄ | ၄၂၉၈၂ |
| ၂။ | အင်ဒိုနီးရှား | ၆၀၄၂၅၉၅ | ၅၈၅၅၃၆၁ | ၁၅၆၀၁၅ |
| ၃။ | မလေးရှား | ၄၄၀၉၂၀၂ | ၄၂၈၃၀၁၃ | ၃၅၄၆၅ |
| ၄။ | ထိုင်း | ၄၁၀၆၂၃၀ | ၃၈၈၉၉၁၂ | ၂၇၃၉၅ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၃၈၆၅ | ၃၆၀၇၀၃၈ | ၆၀၀၅၆ |
| ၆။ | စင်ကာပူ | ၁၁၇၀၉၇၀ | ၁၁၀၂၂၆၉ | ၁၃၁၉ |
| ၇။ | မြန်မာ | ၆၁၂၆၉၇ | ၅၉၁၅၄၄ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၃၅၄၅ | ၂၀၁၀၅၇ | ၇၃၀ |
| ၉။ | ဘရူနိုင်း | ၁၄၀၇၂၃ | ၁၃၉၄၀၉ | ၂၁၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၁၄၆ | ၁၃၂၈၅၁ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများမှ နှာခေါင်းစည်း Mask ၂၇ ဒသမ ၀၄ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေး ထုတ်ပေးလျက်ရှိ

နေပြည်တော် မေ ၂၁

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ မေ ၂၁ ရက်တွင် ရန်ကုန်ဆိပ်ကမ်းများမှ Disposable Face Mask ၁၄၂၂၉၂ ခုနှင့် ဆေးဝါး မျိုးစုံ ၂၄ မျိုး စုစုပေါင်း ၈၃၃၀၉ ဒသမ ၈၉ ကီလိုဂရမ်တို့အား ထုတ်ပေးခဲ့ ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

အများကဝိုင်းဝန်းတိုက်တွန်းလွန်းသောကြောင့် ဒေါ်ရေနံ့သာခင်ခင်ကြီး ပင်းဘုရားပွဲသို့လာမိခြင်း ဖြစ်လေသည်။

နေဝင်ရီတရောအချိန်၊ ဘုရားနှင့်ပွဲခင်းတစ်ဝိုက်၌ မီးများလင်းလက်စပြုချိန်တွင် ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ဘုရားမြောက်ဘက် ပင်းချောင်းနံဘေး သဲသောင်ပြင်၌ ရောက်ရှိနေခဲ့သည်။ အပြန့်ကျယ်သော ရှုခင်းကို ငေးမောနေသည်။

ပင်းချောင်းရေသည် ငြိမ့်ငြိမ့်ယဉ်ယဉ် စီးဆင်းမြဲစီးဆင်းနေသည်။ ထန်းတောကို လေတိုးနေသောအသံ၊ ပွဲခင်းဆီမှ ဗုံပတ်စာပိုးနေသံ၊ ပွဲဈေးခင်းမှ လူသံသူသံများကို ကြားနေရသည်။ တစ်ခါတစ်ရံတွင် ပင်းဘုရား၏ ဆည်းလည်းသံသည်လည်း ရောက်လာတတ်သည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး ရပ်နေသောနေရာမှာ တစ်ချိန်က ချစ်သူနှင့်ဆုံဖူးသောနေရာ၊ ယောကျ်ားတစ်ယောက်၏ "ချစ်ပါသည်" ဆိုသောစကားကို ပထမဆုံးအကြိမ်အဖြစ် ကြားခဲ့ရသောနေရာ။ အချစ်၏ ဆန်းကြယ်နက်နဲခြင်းကို စတင်ခံစားရသောနေရာ။

သည်နေရာကလေးကို ဒေါ်ရေနံ့သာခင်ခင်ကြီး မမေ့နိုင်သေး။ သို့နှင့်အမျှ ရင်ထဲမှာ ဝေဒနာတစ်ရပ်ပေါ်ပေါက်လာသည်။ လွမ်းမောဖွယ်သော ဝေဒနာမျိုး။ သူ၏မျက်ဝန်းတွင် မျက်ရည်ကြည်ဝေ့လည်လာသည်။ အမြင်မှာ မှုန်ဝါးလာသည်။ ငိုရှိုက်လိုစိတ်ပင် ပေါ်ပေါက်လာသည်။

လူတချို့တို့သည် ပင်းချောင်းအတွင်း ရေချိုးဆင်းကြသည်။ တစ်ဦးနှင့်တစ်ဦး တစ်ယောက်နှင့်တစ်ယောက် ပြောင်ဟယ် နောက်ဟယ်နှင့်။ ရေနှင့်ပက်ကစားကြသူများလည်းမရှား။ သူတို့သည် ဒေါ်ရေနံ့သာခင်ခင်ကြီးအား ဂရုထားကြည့်မိကြသည် မှန်၏။ သို့ရာတွင် သူ၏ အဇ္ဈတ္တသဏ္ဍာန်ကို မြင်စွမ်းနိုင်ခြင်းမရှိကြ။ သူ၏ရင်မှဝေဒနာကိုလည်း နားလည်နိုင်ကြလိမ့်မည် မဟုတ်။ ၎င်းတို့ကား လွတ်လပ်ပျော်ရွှင်နိုင်စွမ်းရှိကြသူများပါပေ။ ဖြစ်နိုင်မည်ဆိုလျှင် ဒေါ်ရေနံ့သာ ခင်ခင်ကြီးမှာ ၎င်းတို့၏ဘဝကို ရယူလိုလျက်ရှိချေသည်။

ယင်းအချိန်တွင် ဒေါ်ဝင်းရီနှင့် နန်းကိန္နရီတို့မှာ ဈေးတန်းတွင်းသို့ ရောက်ရှိနေကြသည်။

ဈေးတန်းမှာ စည်နေလေပြီ။ လူသူ ပြည့်သိပ်ကျပ်ညပ်နေသည်။ အတိုးတိုးအဝှေ့ဝှေ့ဖြစ်နေသည်။ သွားလိုရာခရီးကို မရောက်နိုင်။ အထူးသဖြင့် နန်းကိန္နရီတို့ဘေးနှင့် နောက်မှ လူရွယ်တစ်သိုက် လိုက်ပါလာကြောင်း တွေ့ရသည်။

စင်စစ် ထိုလူသိုက်သည် ပင်းဘုရားဈေးတန်းကျမှ လိုက်ပါလာသည်မဟုတ်။ လမ်းကတည်းက လိုက်ပါလာကြခြင်းဖြစ်သည်။

မြို့သို့ သူစိမ်းမိန်းကလေးတစ်ယောက် ရောက်လာသည်။ ယင်းမိန်းကလေးမှာ လှပချောမောသည်။ တည်းခိုသည့်အိမ်မှာလည်း ရေနံ့သာအိမ်။ သည်တော့လည်း မြို့ခံ ကာလသားတစ်သိုက်အတွင်း ယင်းမိန်းကလေး၏သတင်း ပျံ့နှံ့သွားသည်။ စိတ်ဝင်တစားရှိနေကြသည်။

အိမ်ရှေ့မှ လျှောက်ပြန်သံပေးလုပ်သူများလည်း မရှား။ လမ်းထွက်ပြီဆိုလျှင်လည်း မယောင်မလည်နှင့် စောင်းငဲ့ကြည့်ရှုသူတွေ အပေါသားပင်။ သို့ဖြင့် နန်းကိန္နရီသည် ရောက်စရက်ကတည်းက အမည်သတင်း ကျော်စောနေသည်။

ပင်းဘုရားပွဲတော်သို့ နန်းကိန္နရီ မလွဲမသွေရောက်ရမည်ဆိုခြင်းကို ရိပ်မိကြပုံရသည်။ မည်သူမဆို ပင်းဘုရားပွဲတော်ရက်နှင့် တိုက်ဆိုင်ပြီး ရေနံချောင်းသို့ရောက်ရပါက ပင်းဘုရားပွဲတော်သို့ မသွားဘဲနေလေ့မရှိ။ အရောက်သွားမိကြသည်။ ထို့ကြောင့် အချို့က ပင်းဘုရားပွဲတော်၌ နန်းကိန္နရီနှင့်ဆုံမိရန် စိတ်စောနေခဲ့ကြသည်။

ပင်းဘုရားသို့ နန်းကိန္နရီတို့ရောက်လာလေလျှင်လည်း ဇရပ်ရှေ့မှ ဖြတ်၍လျှောက်သူမရှား။ မနီးမဝေးမှ စောင့်ဆိုင်းကြည့်သူကြည့်နှင့်။

သို့ဖြင့် ယခုဈေးတန်းသို့ လာလေပြီဆိုသောအခါ နန်းကိန္နရီတို့၏ နောက်မှ တစ်အုပ်တစ်မကြီး ပါလာလေသည်။ တဟေးဟေး တဟားဟားနှင့် ပြောင်ကြနောက်ကြသူတွေလည်း ပါသည်။ အတင်းအကျပ်တိုးဝှေ့လာကြသူတွေလည်းရှိသည်။

ဈေးတန်းမှာ လူအစည်ကားဆုံးအချိန်သို့ ရောက်လာသည်။ နေဝင်ရပြီဖြစ်၍ ဈေးတန်းမှမီးရောင်ကို အားပြုရသည်။ သည်အချိန်တွင် နန်းကိန္နရီနှင့် ဒေါ်ဝင်းရီမှာ လူအကြားတွင် ပိတ်မိနေသည်။ တိုးထွက်၍လည်းမရ။ သွားချင်သည့်နေရာသို့လည်း မရောက်နိုင်။ လူအုပ်ရွေ့လျားရာသို့ အလိုလိုပါလာကြသည်။

လူသူများပြားလွန်းလှသောကြောင့် နန်းကိန္နရီ ကြောက်လန့်စပြုလာသည်။ ဒေါ်ဝင်းရီ၏လက်ကို အားကိုးတကြီး ဆုပ်ကိုင်ထားမိသည်။ လူငွေ့ဖြင့် အိုက်လှောင်နေသည်။ ချွေးပြန်နေသည်။ ငြီးစီစီဖြစ်လာသည်။

ဒေါ်ဝင်းရီသည် လူအုပ်ထဲမှ တတ်နိုင်သမျှ တိုးထွက်သည်။ သို့တိုင်အောင် တိုးဝှေ့၍မရ။ ကြာသော် ဒေါသပင်ဖြစ်လာရသည်။ အနီးကပ်ဆုံးမှာရှိသူကို ရန်ထောင်မိသည်။

ယင်းအချိန်မှာပင် ဈေးတန်းတစ်နေရာဆီမှ မီးလန့်သည်။ အောက်လင်းဓာတ်မီးထွန်းရာမှ ဆိုင်ခေါင်မိုးကို မီးလောင်ခြင်းဖြစ်သည်။

လူတို့ အထိတ်ထိတ်အလန့်လန့် ဖြစ်ကြရသည်။ အကြောက်ကြောက်အရွံ့ရွံ့ ရှိကြရသည်။ ပြေးသူပြေး၊ အော်သူအော်နှင့်။ ရုတ်တရက်တွင် ဈေးတန်းတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

အများနည်းတူ နန်းကိန္နရီတို့လူစုသည်လည်း ရုတ်ရုတ်သဲသဲဖြစ်သွားသောအထဲတွင် ပါသည်။

လူတို့ ပိုမိုကျပ်ညပ်လာသည်။ အခွင့်အရေးယူကာ လူကိုတိုးဝှေ့လာသူလည်း ရှိသည်။

လူအုပ်၏အရှိန်ဖြင့် နန်းကိန္နရီနှင့် ဒေါ်ဝင်းရီ လက်တွဲပြုတ်သွားသည်။ လူချင်းကွဲသွားသည်။ အစသော် တစ်ယောက်နှင့်တစ်ယောက် လှမ်းမြင်ရသေးသည်။ ပြန်၍တွဲမိအောင် ကြိုးစားကြသေးသည်။ နောက်တော့ လူရေစီးကြောင်းအတိုင်း မျောပါခဲ့ကြသည်။ တစ်ယောက်တစ်နေရာ ဖြစ်သွားသည်။ လှမ်း၍ပင် မမြင်သာတော့။

နန်းကိန္နရီမှာ မိမိကိုယ်ကို လမ်းမှလျှောက်မိပါလော၊ မြေနှင့်ခြေတို့မှ ထိမိပါလေစ ထင်သည်။ ခြေမလှမ်းရဘဲ အလိုလိုလိုက်ခဲ့ရသည်က များသည်။ အရောရော အထွေးထွေးနှင့်ပင် လူအုပ်အကြားမှာ ပါလာခဲ့သည်။

တစ်စုံတစ်ဦးသည် မိမိ၏လက်ကို လှမ်းဆွဲလိုက်ကြောင်း နန်းကိန္နရီခံစားရသည်။ ထိုသူဆွဲရာသို့ပါလာသည်။ နန်းကိန္နရီအား လမ်းနံဘေး လူကျဲရာဘက်သို့ ဆွဲလာသည်။

နန်းကိန္နရီမှာ ကိုယ်စွမ်းရှိသလောက် ဘာမျှမလုပ်နိုင်။ အသိမှာလည်း ထိတ်လန့်ခြင်းက ကြီးစိုးနေ၍ ဘာမျှမစဉ်းစားနိုင်ဘဲရှိသည်။

သို့ဖြင့် လမ်းဘေးလူကျဲရာသို့ ရောက်လာသည်။ ဆိုင်တစ်ဆိုင်အတွင်း ရောက်လာသည်။ ယခုမှပင် အသက်ရှူနိုင်သည်။ သို့တိုင်အောင် မောပန်းနေသေးသဖြင့် အသက်ပြင်းပြစွာ ရှူနေမိသည်။ မိမိအား ကယ်တင်လာသူကို မကြည့်နိုင်သေး။

"ကုလားထိုင်မှာ ထိုင်လိုက်လေ"

ကယ်တင်သူအမိန့်ပေးသဖြင့် အနီးကပ်ဆုံး ကုလားထိုင်၌ ထိုင်ချလိုက်ရသည်။

"ကိုယ်ဖြင့် မင်းကို ဒီနေရာမှာမြင်လိုက်ရတာ သိပ် အံ့ဩသွားသလိုပဲ အဲလစ်"

ကယ်တင်လာသူ၏စကားကြောင့် နန်းကိန္နရီ ထိုသူ့ကို မော့ကြည့်မိသည်။

တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသောမျက်နှာ၊ တစ်ခါတလေပင် အကျွမ်းတဝင်မရှိဖူးသောရုပ်သွင်ကို မြင်ရသည်။

လူ၏အသက်မှာ အလွန်ဆုံးရှိလှမှ နှစ်ဆယ့်ငါး၊ နှစ်ဆယ့်ခြောက်နှစ်။ အရပ်မှာ မြင့်မားသည်။ ရှည်ရှည်သွယ်သွယ်ဖြစ်သည်။ အသားညိုသည်။ မျက်နှာသွယ်သွယ်၊ နှာတံပေါ်ပေါ်နှင့် ရုပ်သွင်မှာ ကြည်လင်သည်။ အထူးခြားဆုံးမှာ ထူထဲမည်းနက်ကာ နှာရောင်တွင် ဆက်နေသောမျက်ခုံးနှင့် မျက်လုံးညိုညိုကြီးများ ဖြစ်ကြလေသည်။

သူသည် ငှက်ခါးရောင်စပို့ရှပ်အင်္ကျီနှင့် နက်ပြာရောင်ဘောင်းဘီကို ဝတ်ထားသည်။ သူ့အရပ်အမောင်း၊ သူ့ခန္ဓာအချိုးအဆက်နှင့် သူ့အဝတ်အစားမှာ လိုက်ဖက်သည်။

ထိုသူသည် နန်းကိန္နရီအား ရင်းရင်းနှီးနှီးပုံစံဖြင့် ကြည့်နေသည်။ မျက်နှာချင်းဆိုင်ရှိ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

"ကဲ ပြောစမ်းပါဦး အဲလစ်၊ အမိ ဒီနေရာကို ဘယ်လိုလုပ်ရောက်လာရတာလဲ ဟင်"

"ရှင် . . ."

သူ၏ တရင်းတနှီးနိုင်လှသော မေးခွန်းကြောင့် နန်းကိန္နရီ အံ့အားသင့်ရသည်။ သူ၏မျက်နှာကို စူးစိုက်ကြည့်သည်။ မည်သည့်နေရာ၌ တွေ့ခဲ့ဖူးပါလိမ့် စဉ်းစားသည်။ စဉ်းစား၍မရ။ တွေး၍မပေါ်။

နန်းကိန္နရီ၏မျက်နှာတွင် သူစိမ်းဆန်ခြင်း အရိပ်အယောင်တို့ လွှမ်းနေဆဲပင် ဖြစ်သည်။

"ကြည့်စမ်း၊ အဲလစ်။ မင်း သိပ်ကြောက်နေသလား ဟင်။ စကားတောင်မပြောနိုင်အောင် ကြောက်နေတုန်းပဲလား"

သည်တွင် နန်းကိန္နရီသတိပြုမိသောအရာတစ်ခု ရှိ လာသည်။ ၎င်းမှာ မိမိအား "အဲလစ်" ဟူ၍ ခေါ်ဝေါ်သုံးနှုန်းနေခြင်းဖြစ်သည်။

"ရှင်၊ ရှင် လူမှားနေပြီ ထင်တယ်"

"ဟင် ....."

ဟုတ်တယ်။ ရှင်လူမှားနေပြီ။ ကျွန်မနာမည် အဲလစ် မဟုတ်ဘူး"

နန်းကိန္နရီ၏စကားကို သူရယ်ပစ်လိုက်သည်။ သို့ရာတွင် သူသည် နန်းကိန္နရီအား ပိုမိုစူးစိုက်စွာ ကြည့်ကာ တစ်စထက်တစ်စ မျက်နှာထားတည်လာကြောင်း တွေ့ရသည်။

"မင်း၊ ကို့ကို မမှတ်မိဘူးလား အဲလစ်"

သူ၏အမေးကို နန်းကိန္နရီ ခေါင်းခါပြသည်။ ထိုအခါ သူ၏မျက်နှာမှာ ဆန်းကြယ်သလိုရှိသွားကြောင်း တွေ့ရသည်။

"ကျွန်မအမှန်ပြောတာပါ။ ရှင်လူမှားနေတာရင်လည်း ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် ကျွန်မရှင့်ကို မေ့နေတာရင်လည်း ဖြစ်ချင်ဖြစ်နိုင်တယ်။ ရှင် ဘယ်သူလဲဆိုတာ ကျွန်မ မသိဘူး။ တစ်ခုတော့ ပြောနိုင်ပါတယ်။ ကျွန်မနာမည် အဲလစ်မဟုတ်တာတော့ သေချာတယ်"

နန်းကိန္နရီ ကြိုးစားဖြေရှင်းရသည်။

"ဒါဖြင့် မင်းနာမည်က ဘာလဲဟင်"

"နန်းကိန္နရီ"

သည်အမည်ကို ရုတ်တရက် သူနားလည်ပုံမရ။ ထပ်ပြောရသည်။

"ကျွန်မနာမည် နန်းကိန္နရီလို့ ခေါ်ပါတယ်"

သည်တွင် သူသည် "နန်းကိန္နရီ၊ နန်းကိန္နရီ" နှင့် ခေါ်စမ်းကြည့်နေလေသည်။ ပြီးလျှင် စိတ်ရှုပ်သွားသလို သက်ပြင်းရှိုက်ထုတ်လိုက်သည်။

"အေးဗျာ။ ရုတ်တရက်မှာ ကျွန်တော်က ကျွန်တော်နဲ့ ခင်ဖူးတဲ့ အဲလစ်မှတ်လို့။ ကျွန်တော့် မှတ်ဉာဏ်ကပဲ ချို့တဲ့လေသလား၊ ခင်ဗျားကပဲ အဲလစ်နဲ့တူလို့လား မသိဘူး။ ဒါပေမဲ့ ဖြစ်ချင်းဖြစ်ရင် ခင်ဗျားက အဲလစ်နဲ့တူလို့ပဲ နေမှာပါ။

**ဆက်လက်ဖော်ပြပါမည်။**

" ဒေါ်ရေနံ့သာခင်ခင်ကြီး ရပ်နေသောနေရာမှာ တစ်ချိန်က ချစ်သူနှင့်ဆုံဖူးသောနေရာ၊ ယောကျ်ားတစ်ယောက်၏ "ချစ်ပါသည်" ဆိုသောစကားကို ပထမဆုံးအကြိမ်အဖြစ် ကြားခဲ့ရသောနေရာ။ အချစ်၏ ဆန်းကြယ်နက်နဲခြင်းကို စတင်ခံစားရသောနေရာ။ သည်နေရာကလေးကို ဒေါ်ရေနံ့သာခင်ခင်ကြီး မမေ့နိုင်သေး။ သို့နှင့်အမျှ ရင်ထဲမှာ ဝေဒနာတစ်ရပ် ပေါ်ပေါက်လာသည်။ လွမ်းမောဖွယ်သော . . . "

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

## လာလီဂါဆုဖလား (၃၅)ကြိမ်မြောက်ဆွတ်ခူးဖို့ နီးစပ်လာတဲ့ ရီးယဲလ်



ရီးယဲလ်မက်ဒရစ်အသင်းဟာ စပိန်လာလီဂါ ပွဲစဉ် ၃၃ အဖြစ် ယမန်နေ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အိုဆာဆူနာအသင်းနဲ့ပွဲစဉ်မှာ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါဆုဖလားကို (၃၅)ကြိမ်မြောက်ဆွတ်ခူးနိုင်ဖို့ နီးစပ်နေပြီလည်း ဖြစ်ပါတယ်။

**အသီးသီးသွင်းယူ**

အိုဆာဆူနာအသင်းနဲ့ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၂ မိနစ်မှာ အလာဘာက တစ်ဂိုး၊ ၄၅ မိနစ်မှာ အဆန်စီယိုက တစ်ဂိုးနဲ့ မိနစ် ၉၀ မှာ ဗက်ဇ်ကွက်ဇ်က တစ်ဂိုး အသီးသီး သွင်းယူပေးခဲ့တာဖြစ်ပြီး အိုဆာဆူနာအသင်းအတွက် ချေပဂိုး တစ်ဂိုးကိုတော့ ပွဲကစားချိန် ၁၄ မိနစ်မှာ ဘူဒီမာက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းဟာ ပွဲကစားချိန် ၅၂ မိနစ်နဲ့ ၅၉ မိနစ်တို့မှာ ပင်နယ်တီကန်သွင်းခွင့် နှစ်ကြိမ်ရရှိခဲ့ပေမယ့် အဲဒီပင်နယ်တီ နှစ်ကြိမ်စလုံး တိုက်စစ်မှူး ဘင်ဇီမာက ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့တာကြောင့် ငါးဂိုးအထိရရှိနိုင်မယ့် အခွင့်အရေးနဲ့ လွဲခဲ့ရတာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ အိုဆာဆူနာ အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပွဲစဉ် ၃၃ ပွဲ ကစားပြီးချိန်မှာ ရမှတ်စုစုပေါင်း ၇၈ မှတ်ရရှိထားကာ အမှတ်ပေးဇယားဒုတိယနေရာက မြို့ခံပြိုင်ဘက် အက်သလက်တီကိုမက်ဒရစ်အသင်းကို ၁၇ မှတ် အထိဖြတ်ကာ အမှတ်ပေးဇယားထိပ်မှာ ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိအနေအထား အရ ရီးယဲလ်မက်ဒရစ်အသင်းဟာ စပိန်လာလီဂါ ချန်ပီယံဆုဖလားကို (၃၅)ကြိမ်မြောက်ဆွတ်ခူးနိုင်ဖို့ ပိုမိုနီးစပ်လာခဲ့တာလည်းဖြစ်ပါတယ်။



## အမှတ်ပေးဇယားထိပ်ဆုံးသို့ မန်စီးတီးအသင်း ပြန်လည်ရောက်ရှိလာ

ပရီမီယာလိဂ်ပွဲစဉ်၃၃ ရဲ့ ဧပြီ၂၀ ရက် ညပိုင်းနောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ မန်စီးတီးအသင်းနဲ့ ဘရိုက်တန်အသင်းတို့ပွဲစဉ်မှာ မန်စီးတီးအသင်းက သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးကို ပြန်လည်ရောက်ရှိလာခဲ့ပြီလည်း ဖြစ်ပါတယ်။

ဘရိုက်တန်အသင်းနဲ့ပွဲစဉ်မတိုင်မီက အမှတ်ပေးဇယားထိပ်ဆုံးမှာ လီဗာပူးအသင်းက ဦးဆောင်နိုင်ခဲ့တာဖြစ်ပြီး မန်စီးတီးအသင်းက ဘရိုက်တန်အသင်းကို အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၅၃ မိနစ်မှာ မာရက်ဇ်၊ ၆၅ မိနစ်မှာ ဖိုဒန်နဲ့ ၈၂ မိနစ်မှာ ဘာနာဒိုဆေးလ်ဗား တို့က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်ဟာ ကွင်းလယ်ကစားသမား မာရက်ဇ်အတွက် သူ့ရဲ့ကစားသမားဘဝတစ်လျှောက် ကစားခဲ့တဲ့ ပရီမီယာလိဂ် ပွဲစဉ် (၂၅၀)မြောက်ဖြစ်ပြီး ဘရိုက်တန်အသင်းကို အနိုင်ရရှိခဲ့တာဟာ မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာအတွက် ပွဲစဉ် (၂၅၀)မြောက် နိုင်ပွဲလည်း ဖြစ်လာခဲ့ပါတယ်။

မန်စီးတီးအသင်းဟာ လက်ရှိပရီမီယာလိဂ်ပွဲစဉ် ၃၂ ပွဲ ကစားပြီးချိန်မှာ ရမှတ် ၇၇ မှတ်ရရှိထားပြီး ဒုတိယနေရာမှ လီဗာပူးအသင်းက ၇၆ မှတ်ရရှိထားတာကြောင့် တစ်မှတ်အသာနဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတာလည်း ဖြစ်ပါတယ်။

ငွေကြေးယ် - ရေးသားသည်

## အဲရစ်တန်ဟက်ကို မန်ယူအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းဟာ အေဂျက်အသင်းနည်းပြ အဲရစ်တန်ဟက်ကို လာမယ့်ရာသီအတွက် အသင်းရဲ့နည်းပြသစ်အဖြစ်ခန့်အပ်လိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။

အသက် ၅၂ နှစ်အရွယ်ရှိ နယ်သာလန်နိုင်ငံသား နည်းပြအဲရစ်တန်ဟက်ဟာ ယခုနှစ်ဘောလုံးရာသီကုန်မှာ လက်ရှိယာယီနည်းပြ ရန်းနစ်ထံကနေ မန်ယူအသင်းနည်းပြရာထူးကို လွှဲပြောင်းရယူတော့မှာဖြစ်ပြီး ကနဦးအနေနဲ့ သုံးနှစ်သက်တမ်း စာချုပ်ချုပ်ဆိုထားကာ နောက်ထပ် တစ်နှစ် သက်တမ်းတိုးဖို့လည်း ရှိနေတယ်လို့ သိရပါတယ်။



ရန်းနစ်ဟာ နိုဝင်ဘာလအတွင်းက နည်းပြဆိုးရှားကို ထုတ်ပယ်ခဲ့ပြီးနောက် ယာယီခန့်အပ်ခြင်းခံခဲ့ရတဲ့ နည်းပြတစ်ဦးဖြစ်ပါတယ်။ လက်ရှိအချိန်မှာ မန်ယူအသင်းက အဲရစ်တန်ဟက်ကို ခန့်အပ်လိုက်ပြီဖြစ်တာကြောင့် အဲရစ်တန်ဟက်ဟာ ၂၀၁၃ ခုနှစ်အတွင်းက ဂန္ထဝင်နည်းပြ ဆာအဲလက်ဖာဂူဆန် အနားယူသွားပြီးနောက်ပိုင်း မန်ယူအသင်းခန့်အပ်ခဲ့တဲ့ ငါးဦးမြောက် အမြဲတမ်းနည်းပြလည်း ဖြစ်လာခဲ့ပါတယ်။

အဲရစ်တန်ဟက်ဟာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကတည်းက အေဂျက်အသင်းနည်းပြတာဝန် ထမ်းဆောင်ခဲ့တာဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘောလုံးရာသီနဲ့ ၂၀၂၀-၂၀၂၁ ဘောလုံးရာသီတွေမှာ အေဂျက်အသင်းကို ဆုဖလားတွေ ရယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ဒ့ါအပြင် နည်းပြအဲရစ်တန်ဟက်ဟာ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီမှာ အေဂျက်အသင်းကို ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

မန်ယူအသင်းဟာ ပီအက်စ်ဂျီအသင်းနည်းပြ ပိုချက်တီနိုနဲ့ ဆီဗီလာနည်းပြ ဂျူလန်လိုပက်တီဂွီတို့ကို နည်းပြသစ်အဖြစ် ခန့်အပ်ဖို့ ပြင်ဆင်ခဲ့ပေမယ့် လက်ရှိအချိန်မှာတော့ အေဂျက်အသင်းနည်းပြ အဲရစ်တန်ဟက်ကိုပဲ အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ခဲ့တာဖြစ်ပါတယ်။

## ရွှံ့စေးကွင်းမှာ ပထမဆုံးနိုင်ပွဲရရှိခဲ့ပြီဖြစ်တဲ့ အမ်မာရာဒူကာနူ



ဗြိတိန်ရဲ့ နံပါတ်တစ်တင်းနစ်မယ်တစ်ဦးဖြစ်တဲ့ အမ်မာရာဒူကာနူဟာ စတုဂတ်မြို့ရဲ့ ရွှံ့စေးကွင်းမှာ ကျင်းပလျက်ရှိတဲ့ Porsche Tennis Grand Prix ပြိုင်ပွဲမှာ ပထမဆုံး နိုင်ပွဲရရှိခဲ့တာကြောင့် အဲဒီပြိုင်ပွဲရဲ့ ဒုတိယအဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။

အသက် ၁၉ နှစ်အရွယ်ရှိ ဗြိတိန်ဆယ်ကျော်သက်တင်းနစ်မယ် အမ်မာရာဒူကာနူဟာ ဩစတြေးလျတင်းနစ်မယ် ဆန်ဒါကို တစ်နာရီနဲ့ ၁၀ မိနစ်ကြာကစားပြီး ၆-၁၊ ၆-၂ နဲ့ အနိုင်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင်း လက်ရှိချန်ပီယံ အမ်မာရာဒူကာနူဟာ ရွှံ့စေးကွင်းမှာ ကျင်းပခဲ့တဲ့ ထိပ်တန်းအဆင့်ရှိတင်းနစ်ပြိုင်ပွဲတွေမှာ တစ်ကြိမ်မှ ကစားခဲ့ခြင်း မရှိဘဲ ယခုတစ်ကြိမ်မှသာ ဝင်ရောက်ကစားခဲ့ကာ ပထမဆုံးနိုင်ပွဲရရှိခဲ့တာလည်းဖြစ်ပါတယ်။

အမ်မာရာဒူကာနူဟာ နောက်တစ်ဆင့်မှာ ဂျာမနီတင်းနစ်မယ် တာမာရာကော်ပက်ချ်နဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အနိုင်ရရှိခဲ့ပါက ကွာတားဖိုင်နယ်အဆင့်မှာ ပိုလန်တင်းနစ်မယ် အီဂါဆွီယက်တက်နဲ့ ယှဉ်ပြိုင်ကစားရဖို့ရှိနေတယ်လို့ သိရပါတယ်။

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ အင်ဂျင်နီယာသင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၈-၄-၂၀၂၂** ရက်နေ့မှ စတင်၍ **၁၉-၆-၂၀၂၂** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဇွန်လ ၂၈ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်၊

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၆၀ ဆူ | ၁၇၁ ဆူ | ၅၈၉ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၁. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
